စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

myantrade

**အမှတ်စဉ် ၄/၂၀၂၄**

## ၂၀၂၄ ခုနှစ်၊ ဧပြီလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ဆောင်းသီးနှံကုလားပဲစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်
- မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေ
- မွန်ပြည်နယ် ဆားဈေးကွက်အတွင်း ဆားဈေးနှုန်းကျဆင်းနေသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေ

### နိုင်ငံတကာဈေးကွက်

- အိန္ဒိယပေါင်းဆန်ပို့ကုန်ခွန်တွက်ချက်ပုံပြောင်းလဲသဖြင့် ပြည်ပမှအဝယ်လျော့ကျ
- ဆီနီဂေါနိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှု ၂၁၅ ရာခိုင်နှုန်း တိုးလာ
- အိန္ဒိယသည် ဘရာဇီးနိုင်ငံမှ မတ်ပဲကို စတင်တင်သွင်း
- အိန္ဒိယနိုင်ငံ၌ အရန်ရိက္ခာပဲစင်းငုံကို အမြောက်အမြားဝယ်ယူရရှိရန်ခက်ခဲဖွယ်ရှိ
- လယ်ယာမြေများကိုမီးရှို့သောအလေ့အထရှိသည့် အိမ်နီးချင်းနိုင်ငံများမှ ပြောင်းတင်သွင်းမှုကို ပိတ်ပင်သွားရန် ထိုင်းအစိုးရအဖွဲ့ကခွင့်ပြုခဲ့
- တရုတ်နိုင်ငံသို့ ပါကစ္စတန်မှ နှမ်းတင်ပို့မှု ၁၂၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာ
- ရုရှားသည် တရုတ်နိုင်ငံသို့ ဓာတ်မြေသြဇာတင်ပို့မှုတွင် ဦးဆောင်သူဖြစ်လာ
- ဗီယက်နမ်နိုင်ငံ၌ ဆားငန်ရေဝင်ရောက်မှုမြင့်တက်ခြင်းက သီးနှံတန်ဖိုးဒေါ်လာ ၃ ဘီလီယံအထိ ဆုံးရှုံးစေနိုင်
- ထိုင်းနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေထောက်ပံ့ပေးမည့်စီမံချက် Credit Guarantee Project ဆောင်ရွက်သွားရန်ရှိ
- ဗီယက်နမ်နိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ပို့ကုန်ဝန်ဆောင်မှုများအတွက် တန်ဖိုးဖြည့်ခွန် သုည ရာခိုင်နှုန်း ဆက်လက်ထားရှိရန်အဆိုပြု
- ကုန်စည်အများစုအပေါ် အကောက်ခွန်နှုန်းများကို ဖယ်ရှားတော့မည့် သြစတြေးလျနိုင်ငံ
- ပြည်ပသို့ ရော်ဘာတင်ပို့နိုင်ရေး အိန္ဒိယရော်ဘာဘုတ်အဖွဲ့ ဆောင်ရွက်မည်
- ရောင်းလိုအားနည်းပါးပြီး ဝယ်လိုအားကောင်းမှုအရ ဗီယက်နမ်ကော်ဖီစေ့ ဈေးနှုန်းများမြင့်တက်
- တရုတ်ဈေးကွက်သို့တင်ပို့မည့်GIထုတ်ကုန်၃မျိုးကမ္ဘောဒီးယားအစိုးရသတ်မှတ်
- တရုတ်နိုင်ငံတွင် Luckin Coffee သည် Starbucks ၏ နှစ်စဉ်ရောင်းအားထက်သာလွန်သွားခဲ့
- ကမ္ဘောဒီးယားမှ ထိုင်းသို့ သရက်သီးတင်ပို့မှု စတင်
- ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ရန် အိန္ဒိယအစိုးရက ကုန်သည်များထံမှ ကြက်သွန်နီ ၁၆၅၀ တန် ဝယ်ယူခဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

## ပြည်တွင်းကုန်သွယ်မှုသတင်း

- ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ World Consumer Rights Day အထိမ်း အမှတ်အခမ်းအနားသို့ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံတက်ရောက်အမှာစကားပြောကြား
- မြန်မာ့ရော်ဘာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ
- Coconut Project ၏ ဒုတိယအကြိမ် စီမံကိန်းကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပခြင်း
- တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ကေပေါင်း လေးသိန်းခန့်ရှိ ရော်ဘာစိုက်သူများအနေဖြင့် ပြည်တွင်းဈေးကွက်များတွင်သာ တင်ပို့နေရဟုဆို

## ပြည်ပကုန်သွယ်မှုသတင်း

- အင်ဒိုနီးရှားနိုင်ငံဆိုင်ရာစီပွားရေးသံမှူးနှင့်ဧရာဝတီတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့တွေ့ဆုံ
- မြန်မာ့သနပ်ခါးကို အသင့်လိမ်းအဆင့်ပြုလုပ်ကာ အာဆီယံနိုင်ငံများသို့တင်ပို့မည်
- မြန်မာနိုင်ငံမှတရုတ်ပြည်သူ့သမ္မတနိုင်ငံသို့စားသောက်ကုန်နှင့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များတင်ပို့
- ရာတွင်ကုန်သွယ်မှုတိုးတက်ရေးနှင့်လျင်မြန်ချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ
- **တရုတ်နိုင်ငံဈေးကွက်ဝယ်လိုအားရှိနေသည့် မြန်မာ့ကွမ်းသီးနုပေါင်း**

## အထူးဆောင်းပါးများ

- တရုတ်ဈေးကွက်သို့ ထိုင်းဆန်များ တိုးမြှင့်တင်ပို့နိုင်ဖွယ်ရှိ
- ၂၀၂၄ ခုနှစ်၌ စားအုန်းဆီဈေးကွက် ဆက်လက်ခိုင်မာမှုရှိမည်ဟု မလေးရှားဝန်ကြီးပြောကြား

## ကုန်သွယ်မှုအခြေအနေ၊

## ကုန်စည်ဈေးနှုန်းများ

# ပြည်တွင်းဈေးကွက်

### ဆောင်းသီးနှံကုလားပဲစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အတွင်းရှိ ဆိပ်ဖြူမြို့နယ်သည် စိုက်ပျိုးရေးကိုအခြေပြု၍ စီးပွားဖြစ်နှစ်စဉ်သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံကို ဒုတိယအများဆုံး စိုက်ပျိုးလျက်ရှိသည်။ ဆိပ်ဖြူမြို့အနောက်ပိုင်း၊ ရွာသစ်ရပ်ကွက်နှင့် ကိုးထောင့်၊ အောက်ဆိပ်၊ ချင်တောင်၊ မြင်ကဝ၊ ဝွေးပင်၊ ကူရှည်၊ အလယ်စု/ ရွာမ၊ လိပ်ခြံအုပ်စုအတွင်းရှိ ကျေးရွာများတွင် ဆောင်းသီးနှံကုလားပဲကို မြစ်ရေဝင်ကိုင်းကျွန်းမြေများ၊ ကြက်သွန်ခင်းကွက်များ၊ လယ်ကွဲမြေစပါးခင်းကွက်များတွင် နှစ်စဉ်စိုက်ကေ ၃,၀၀၀ ခန့်စိုက်ပျိုးပြီး ထိုင်ဝမ်ကုလားပဲလုံးကြီး (အဖြူ)မျိုးကို အများဆုံးစိုက်ပျိုးကြောင်း၊ ကုလားပဲသီးနှံစိုက်ပျိုးရာတွင် လွယ်ကူပြီး ကုန်ကျစရိတ်နည်း၍ အထွက်နှုန်းကောင်းမွန်ခြင်းအပြင် ဈေးကွက်ခိုင်မာမှုရှိ၍ ယခုဘဏ္ဍာနှစ် ၂၀၂၃-၂၀၂၄ တွင် စိုက်ကေ ၄,၀၀၀ ခန့်ထိတိုးချဲ့၍ စိုက်ပျိုးထားရှိကြောင်း၊ အောက်တိုဘာလကုန် နိုဝင်ဘာလထိစိုက်ပျိုးပြီး ဖေဖော်ဝါရီလကုန် မတ်လထိ သီးနှံရိတ်သိမ်းကြောင်း၊ မြေအောက်ရေအပြင် ရေဖြန်းစနစ်ဖြင့် စိုက်ပျိုးကြောင်းသိရသည်။

ကုလားပဲသီးနှံတစ်ကေစိုက်ပျိုးလျှင် အထွက်တင်း ၂၀-၂၂ ထိ ထွက်ရှိပြီး တစ်ကေကုန်ကျစရိတ်မှာ ကျပ် ၆၀၀,၀၀၀ ကုန်ကျကြောင်း၊ ယခုနှစ် သီးနှံပေါ်ချိန်၌ ဒေသတွင်းကုလားပဲဈေးကွက်တွင် တစ်တင်းလျှင် ကျပ် ၈၂,၀၀၀ ဖြင့်ရောင်းချရ၍ ဝင်ငွေမှာ ကျပ် ၁,၆၄၀,၀၀၀ ရရှိပြီး အကျိုးအမြတ်အနေဖြင့် ကျပ် ၁,၀၄၀,၀၀၀ ခန့်ရရှိကြောင်း ဒေသခံစိုက်တောင်သူထံမှ သိရသည်။

ကုလားပဲဈေးကွက်အနေဖြင့် သီးနှံပေါ်စမှရာသီကုန်ချိန်ထိ ဈေးကွက်ခိုင်မာမှုရှိ၍ တောင်သူများအကျိုးအမြတ်ရလျက်ရှိသည်။ ဈေးနှုန်းဈေးကွက်အနေဖြင့် ကုလားပဲလုံးကြီး(အဖြူ)တစ်တင်းလျှင် အမြင့်ဈေးမှာ ၂၀၂၁ ခုနှစ်တွင် ကျပ် ၃၆,၀၀၀ ၊ ၂၀၂၂ ခုနှစ်တွင် ကျပ် ၇၂,၀၀၀ ၊ ၂၀၂၃ ခုနှစ်တွင် ကျပ် ၉၀,၅၀၀ ၊ ၂၀၂၄ ခုနှစ်တွင် သီးနှံပေါ်စ ဖေဖော်ဝါရီလလယ်တွင် ကျပ်

၈၈,၀၀၀ ပေါက်ဈေးရှိပြီး ပြည်တွင်းဝယ်လိုအား ဈေးကွက်နည်း၍ တစ်တင်းလျှင် ကျပ် ၇၈,၀၀၀ ထိကျဆင်းသွားပြီး မတ်လ ဒုတိယပတ်တွင် လျှောင်လက်သမားများအဝယ်လိုက်လာ၍ ကုလားပဲအုပ်စုအနည်းငယ်ဈေးတက်လာပြီး တစ်တင်းလျှင် ကျပ် ၈၂,၀၀၀ ထိ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ယခုနှစ်တွင် ကုလားပဲဈေးကွက်အနည်းငယ်ကျဆင်းသော်လည်း အထွက်နှုန်းကောင်း၍ စိုက်တောင်သူများ အကျိုးအမြတ်ရရှိနေကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကုလားပဲသီးနှံကို တစ်နှစ်လျှင် ဆောင်းတစ်ရာသီသာစိုက်ပျိုးပြီး ပြည်တွင်းသုံးသီးနှံဖြစ်၍ ကုလားပဲကုန်ကြမ်းမှ တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်သော ကုလားပဲခြမ်း၊ ကုလားပဲမှုန့်အစိမ်း/ အကျက်၊ ဘရာကျော်မှုန့် ထုတ်ကုန်အမျိုးမျိုးကို ပြည်တွင်းစားသောက်ကုန်စီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဖြင့် ပြည်တွင်း SMEs အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းအပြင် ပြည်တွင်းစားသုံးမှု ပိုမိုမြင့်မားလာ၍ ကုလားပဲဈေးနှုန်းဈေးကွက် ခိုင်မာမှုရှိခြင်းကြောင့် စိုက်တောင်သူများအနေဖြင့် နှစ်စဉ်မပြတ် တိုးချဲ့စိုက်ပျိုး လျက်ရှိကြောင်းသိရသည်။

Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_26032024_954

## မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် တစ်ဦးပြောပြချက်အရသိရသည်။ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် အာလူးများပုံမှန်ဝင်ရောက်လျက်ရှိပြီး လက်ရှိတွင် အာလူးပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၅၀,၀၀၀ အထိဈေးရှိကြောင်း သိရသည်။

“ရှမ်းပြည်နယ်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို အာလူးတွေ ပုံမှန်ဝင်ရောက်နေတယ်။ ဒါပေမဲ့ ဒီနှစ် အာလူးအထွက်နှုန်းနည်းတယ်။ ဒါကြောင့်လည်း မနှစ်ကထက် အာလူးဈေးကကောင်းနေတယ်။ မနှစ်က ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၃၅၀,၀၀၀ လောက်ပဲ ဈေးရှိခဲ့တာပါ။ လက်ရှိမှာ ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၄၅၀,၀၀၀ အထိ ဈေးရှိနေတယ်။ လက်ရှိ တစ်ရက်ကို အာလူးပိဿာချိန် ၁၅၀၀ ကျော်လောက် အရောင်းအဝယ် ဖြစ်နေတယ်” ဟု လုပ်ငန်းရှင်တစ်ဦးကပြောသည်။

မအူပင်မြို့နယ်၌ လက်ရှိ တစ်ရက်လျှင် အာလူး ပိဿာချိန် ၁၅၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm

Source: https://myantrade.gov.mm/article/naypyitaw_26032024_1029

## မွန်ပြည်နယ် ဆားဈေးကွက်အတွင်း ဆားဈေးနှုန်း ကျဆင်းနေသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေ

မွန်ပြည်နယ် ဆားဈေးကွက်အတွင်း ဆားဈေးနှုန်းကျဆင်းနေသော်လည်း အရောင်းအဝယ် ပုံမှန်ရှိနေသည့်အတွက် ဆားတောင်သူများ အဆင်ပြေလျက်ရှိကြောင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ဆားလုပ်ငန်း လုပ်ကိုင်သူများ၏ ပြောဆိုချက်အရ သိရသည်။

ဆားလုပ်ငန်းကို ပွင့်လင်းရာသီတွင် စတင်လုပ်ကိုင်ကြပြီး မုတ်သုံဝင်ပါက ဆားထုတ်လုပ်သည့် လုပ်ငန်းများရပ်နားကြကြောင်း၊ ယခုနှစ် ဆားထုတ်လုပ်သည့်ရာသီတွင် ရာသီဥတုကောင်းမွန်သောကြောင့် ဆားအထွက်နှုန်းပြည့်မီသည့်အပြင် ဆားဝယ်လိုအားပါ ကောင်းမွန်ကြောင်း၊ ထို့ပြင် ဆားဈေးနှုန်းမှာလည်း ဖေဖော်ဝါရီလက ဆားကြမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၈၅ ကျပ်အထိဈေးကောင်းရရှိခဲ့ပြီး ယခုလတွင် တစ်ပိဿာလျှင်ငွေကျပ် ၁၆၀ ကျပ်အထိ ဈေးနှုန်းကျဆင်းလာကြောင်း သိရသည်။

မွန်ပြည်နယ်မှ ဆားရာသီ တစ်ရာသီလျှင် ဆားတန်ချိန် သုံးသောင်းဝန်းကျင်ထွက်ရှိပြီး လက်ရှိအချိန်ထိ ဆားတန်ချိန် တစ်သောင်းကျော်ထွက်ရှိကာ ထွက်ရှိသမျှ ဆားများအရည်အသွေးကောင်းမွန်သည့်အတွက် ဈေးကွက်အတွင်းရောင်းအားကောင်းမွန်ကြောင်း၊ လတ်တလောတွင်ဒေသတွင်းစားသုံးမှုအပြင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်မှထွက်ရှိသည့် ဆားကြမ်းများကို ဆားချောကြိတ်ပြီး မန္တလေးတိုင်းဒေသကြီးသို့တင်ပို့ကာ ထိုမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်တို့သို့ တင်ပို့သကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးမှလည်း မှာယူလျက်ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm

Source:https://myantrade.gov.mm/article/naypyitaw_25032024_950

## နိုင်ငံတကာဈေးကွက်

### အိန္ဒိယပေါင်းဆန် ပို့ကုန်ခွန် တွက်ချက်ပုံ ပြောင်းလဲသဖြင့် ပြည်ပမှ အဝယ်လျော့ကျ

အိန္ဒိယပေါင်းဆန်တင်ပို့မှုအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းစည်းကြပ်ခြင်းကြောင့် ဈေးမြင့်တက်သဖြင့် အဝယ်နှေးနေသော်လည်း ထိုင်းနိုင်ငံ၊ ဗီယက်နမ်၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့ကဲ့သို့ ဆန်တင်ပို့သည့်နိုင်ငံများထက် ဈေးသက်သာနေဆဲဖြစ်သဖြင့် တစ်လလျှင် မက်ထရစ်တန် တန်ချိန် ၅ သိန်း ဝန်းကျင် တင်ပို့နေရဆဲဖြစ်သည်။

အိန္ဒိယသည် ပေါင်းဆန်ကို ဘီနင်၊ ဂျီဘူတီ၊ ဂီနီ၊ လိုက်ဘေးရီးယားနှင့် တိုဂိုကဲ့သို့သော အာဖရိကနိုင်ငံများထံ အဓိက အားဖြင့်တင်ပို့သည်။

ယခုအခါ ကောက်ခွန်ဌာနက ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းကို တွက်ချက်သည့်နည်းလမ်း ပြောင်းလဲပြီးနောက် ပေါင်းဆန်တင်ပို့မှုအတွက် အရောင်းအဝယ်စာချုပ်အသစ် အနည်းငယ်ကိုသာ အိန္ဒိယကုန်သည်များ ချုပ်ဆိုကြရတော့သည်။

ဆန် ကမ္ဘာ့အများဆုံးတင်ပို့သည့် အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ် နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲများမတိုင်မီ ပြည်တွင်းဆန်ဈေးမမြင့်တက်အောင် ထိန်းချုပ်ရန် ဆန်ဖြူတင်ပို့မှုကို တားမြစ်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ပေါင်းဆန်တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း ပြဋ္ဌာန်းခဲ့သည်။

ယခုအခါ ၂၀ ရာခိုင်နှုန်းကို တွက်ချက်ပုံပြောင်းလဲလိုက်သဖြင့် ပြည်ပသို့ ဆန်ရောင်းချရာတွင် ဝယ်သူနှင့် ရောင်းသူကြား ရှုပ်ထွေးမှုများဖြစ်ပေါ်နေစေသည်ဟု ဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ Krishna Rao က ပြောသည်။

"အရင်တုန်းက Free on Board (FOB) တန်ဖိုးရဲ့ ၂၀ ရာခိုင်နှုန်းအခွန်ဆောင်ခိုင်းတယ်။ ယခုအခါ အကောက်ခွန်က အရောင်းအဝယ်တန်ဖိုးအပေါ် ၂၀ ရာခိုင်နှုန်းအခွန်ဆောင်ခိုင်းပါတယ်"ဟု ၎င်းက ပြောကြားသည်။ အရောင်းအဝယ်တန်ဖိုးသည် ဆန်ဖိုးအပြင် ဝယ်ယူသူဘက်မှကျခံရန် သဘောတူထားသည့် အခြားစရိတ်စကများကိုပါ ထည့်တွက်ထားသဖြင့် FOB တန်ဖိုးထက် ပိုများသည်။ သို့ဖြစ် အခွန် ၂၀ ရာခိုင်နှုန်းပမာဏ ပိုများသည်။ ပို့ကုန်လုပ်ငန်းရှင်များအဖို့ အခွန်သည်ကုန်ကျစရိတ်တစ်မျိုးဖြစ်သဖြင့် တွက်နည်းအသစ်ကြောင့် ကုန်ကျစရိတ် ပိုမိုမြင့်မားစေသည်။

ပို့ကုန်လုပ်ငန်းရှင်များသည် ယခုအပတ်တွင် ၅ ရာခိုင်နှုန်း ဆန်ကွဲပါပေါင်းဆန်မက်ထရစ်တစ်တန်ကို အကောက်ခွန်မပါဝင်သည့်ခေါ်ဈေးကန်ဒေါ်လာ ၄၅၀ ဝန်းကျင်ဖြင့် ကမ်းလှမ်းထားသည်။ အကယ်၍ အကောက်ခွန်ထည့်တွက်လျှင် ကန်ဒေါ်လာ ၅၆၀ ဖြင့် စံချိန်တင်အမြင့်ဈေးဖြင့် ကမ်းလှမ်းကြသည်။ တစ်နည်းဆိုရသော် FOB တန်ဖိုးထက် ၂၄ ရာခိုင်နှုန်း အပိုဆောင်းပြီး ဈေးနှုန်းသတ်မှတ်ထားကြခြင်းဖြစ်သည်။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီးသားဖြစ်နေသော ကုန်သည်များသည် စာချုပ်အရ ဆန်တင်ပို့သည့်အခါ အခွန်ကို ပိုမိုပေးဆောင်ကြရသည်။

"ဝယ်ယူသူတွေက ထပ်တိုးသွားတဲ့ အခွန်ကိုမပေးချင်ကြဘူး။ ဒီတော့ ဆန်တင်ပို့တဲ့ ကုန်သည်တွေက ပေးဆောင်ကြရတယ်။ အခုစာချုပ်အသစ်တွေချုပ်တဲ့အခါ ဝယ်ယူသူတွေကို ကျွန်တော်တို့က ဈေးအမြင့်ဖြင့်သာပေးပြီး ဝယ်ဖို့ပြောကြရတယ်။ ဒါပေမဲ့ သူတို့က မပေးချင်ကြဘူး။ ဒီတော့ အရောင်းအဝယ်စာချုပ်အသစ် အနည်းအကျဉ်းပဲ ချုပ်ဖြစ်ကြတယ်" ဟု ကုန်သည်တဦးက ပြောကြားသည်။

ဝယ်သူနှင့် ရောင်းသူကြား ရှုပ်ထွေးမှုများပပျောက်စေရန် အစိုးရက ပေါင်းဆန်တင်ပို့မှုတွင် တစ်တန် လျှင်ဒေါ်လာ ၁၀၀ ခန့် ပုံသေနှုန်းထားဖြင့် အခွန်စည်းကြပ်သင့်သည်ဟု ဆန်တင်ပို့သူများကတောင်းဆိုကြသည်။

Source Business Standards

Source: https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/7550-asia-rice.html

## ဆီနီဂေါနိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှု ၂၁၅ ရာခိုင်နှုန်း တိုးလာ

ဗီယက်နမ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများအတွက် ဆီနီဂေါနိုင်ငံသို့ ဆန်တင်ပို့ရန် အခွင့်အလမ်းများရှိလာကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် အယ်လ်ဂျီးရီးယားရှိ ဗီယက်နမ်ကုန်သွယ်မှုရုံးတို့က ပြောကြားခဲ့သည်။

အယ်လ်ဂျီးရီးယားနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံးက ဤဈေးကွက်အတွင်း ဆန်အမြောက်အမြား စားသုံးလျက်ရှိကြောင်း၊ ဆီနီဂေါနိုင်ငံသို့ တင်သွင်းသည့် ပမာဏမှာ တန်ချိန် ၉ သိန်းမှ တစ်သန်းအထိရှိကြောင်း၊ အဓိကအားဖြင့် တန်ဖိုးနည်း ဆန်ကွဲ ၁၀၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ဈေးကွက်အတွင်းသို့ ဆန် ၁၂,၃၉၂ တန် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၅ သန်းရှိကာ ၂၁၅ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရှိရသည်။ ဗီယက်နမ် အကောက်ခွန်ဦးစီးဌာန၏ ကိန်းဂဏန်းများအရ ဗီယက်နမ်သည် ၂၀၂၄ ခုနှစ် ပထမ ၂ လအတွင်း ဆီနီဂေါသို့ ဆန် ၄၁၄ တန် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၀၇,၈၂၀ ရှိကြောင်း သိရသည်။

ဆီနီဂေါနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲအတွက် ပြင်ဆင်နေသော်လည်း ဆန်ထောက်ပံ့မှုရှားပါးနေသည့်အတွက် အာရှနိုင်ငံများမှ ဆန်ကွဲတင်သွင်းမှု တိုးလာဖွယ်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် မတ်လတွင် အိန္ဒိယသည် ပုဂ္ဂလိကလုပ်ငန်းများအား ဆန်ကွဲတန်ချိန် ၂၅၀,၀၀၀ ကို ဆီနီဂေါသို့ တင်ပို့ခွင့်ပြုခဲ့ကြောင်း ဖော်ပြထားသည်။

အိန္ဒိယသည် အနောက်အာဖရိကနိုင်ငံအချို့ကို ဆန်ကွဲတင်ပို့မှုအား ၂၀၂၂ ခုနှစ် စက်တင်ဘာလကတည်းက တားမြစ်ထားပြီး အခြားဆန်အမျိုးအစားများ တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်းပေးဆောင်ရန်နှင့် အဆိုပါဆုံးဖြတ်ချက်သည် အနောက်အာဖရိကနိုင်ငံအချို့ကို ပံ့ပိုးကူညီရန် အိန္ဒိယ ကြိုးပမ်းမှုဖြစ်ပုံရသည်။

၁၉၉၅ ခုနှစ်မှစ၍ ဆီနီဂေါသည် ဆန်တင်သွင်းမှုအပေါ် တစ်ဦးတည်းချုပ်ကိုင်မှု (Monopoly) ကို ဖြေလျှော့ခဲ့ပြီး စားသောက်ကုန်တင်သွင်းမှုအပေါ် အပြည့်အဝဖြေလျှော့ပေးခဲ့သည်။ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်အတွက် နှစ်အတော်ကြာအောင် ဆီနီဂေါအစိုးရသည် ဆန်စိုက်ပျိုးရေးမူဝါဒကို အာရုံစိုက် အကောင်အထည်ဖော်ခဲ့သော်လည်း လိုအပ်ချက်၏ ၂၅-၃၀ ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ဆီနီဂေါနိုင်ငံမှ ဆန်တန်ချိန် ၁ ဒသမ ၃ သန်းကို တင်သွင်းခဲ့ပြီး ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိကြောင်း၊ ပမာဏမှာ ၁၂ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တန်ဖိုး ၁၃ ရာခိုင်နှုန်းနီးပါး ကျဆင်းသွားကြောင်း သိရသည်။ အဓိက တင်သွင်းသည့်နိုင်ငံများမှာ အိန္ဒိယ၊ ထိုင်း၊ တရုတ်၊ ပါကစ္စတန်၊ ဥရုဂွေးနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြောင်း ဖော်ပြထားသည်။ Source: https://en.dangcongsan.vn, (စီးပွားရေးသံမှူး၊ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_190320240430

## အိန္ဒိယသည် ဘရာဇီးနိုင်ငံမှ မတ်ပဲကို စတင်တင်သွင်း

အိန္ဒိယနိုင်ငံသည် နိုင်ငံအနည်းငယ်ထံမှ ပဲတင်သွင်းမှုအပေါ် မှီခိုနေရမှုအား လျှော့ချနိုင်ရန်နှင့် ပြည်တွင်း ထွက်ရှိမှု ကျဆင်းမှုကို ဖြည့်ဆည်းရန်အတွက် ဘရာဇီးမှ မတ်ပဲများကို ပထမဆုံးအကြိမ်အဖြစ် စတင်တင်သွင်းခဲ့ကြောင်း သိရသည်။

တောင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘရာဇီးမှ မတ်ပဲတန်ချိန် ၃,၀၀၀ ခန့် ပထမဆုံးတင်ပို့မှုရောက်ရှိလာကြောင်း၊ မတ်ပဲနှင့် ပဲစင်းငုံတင်သွင်းမှုအတွက် နိုင်ငံတစ်ခုတည်းအပေါ် မှီခိုနေရမှုအား လျှော့ချနိုင်ရန်အတွက် ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်းနှင့် ယခုနှစ်အတွင်း ဘရာဇီးမှ အိန္ဒိယသို့ မတ်ပဲတန်ချိန် ၂၀,၀၀၀ ခန့် တင်သွင်းဖွယ်ရှိသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် မတ်ပဲနှင့် ပဲစင်းငုံများ တင်သွင်းနိုင်ရန် ဘရာဇီး၊ အာဂျင်တီးနားနိုင်ငံတို့နှင့် ဆက်တိုက်ဆွေးနွေးလျက်ရှိကြောင်း၊ လက်ရှိတွင် အိန္ဒိယသည် မတ်ပဲကို မြန်မာနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုး၍ တင်သွင်းလျက်ရှိကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းလုံခြုံရေးဆိုင်ရာ အခြေအနေများကြောင့် တင်သွင်းမှုဆိုင်ရာ အခက်အခဲတချို့ရှိနေကြောင်း ဖော်ပြထားသည်။

ဘရာဇီးနှင့် အာဂျင်တီးနားတို့တွင် ပဲမျိုးစုံပြည်တွင်းစားသုံးမှုမှာ နည်းပါးသော်လည်း ရာသီဥတုအခြေအနေ ကိုက်ညီမှုကြောင့် မတ်ပဲနှင့်ပဲစင်းငုံတို့ကို စိုက်ပျိုးနိုင်သည့်အတွက် အိန္ဒိယနိုင်ငံသို့ တင်ပို့ရန် ရည်ရွယ်၍ စိုက်ပျိုးနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပဲမျိုးစုံ တန်ချိန် ၂ ဒသမ ၉၈ သန်းတင်သွင်းခဲ့ရာ ပဲနီလေးတန်ချိန် ၁ ဒသမ ၅၁ သန်း၊ ပဲစင်းငုံတန်ချိန် သုည ဒသမ ၇၇ သန်း၊ မတ်ပဲတန်ချိန် သုည ဒသမ ၅၉ သန်း တို့ကို ဩစတြေးလျ၊ ကနေဒါ၊ မြန်မာ၊ မိုဇမ်ဘစ်၊ တန်ဇန်းနီးယား၊ ဆူဒန်နှင့် မာလာဝီနိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အစိုးရက အဓိကပဲသုံးမျိုးဖြစ်သည့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့ကို သွင်းကုန်အခွန်မဲ့စနစ်ဖြင့် ၂၀၂၅ ခုနှစ် မတ်လအထိ တင်သွင်းခြင်းဆိုင်ရာ မူဝါဒတစ်ရပ်ကိုချမှတ်ထားသဖြင့် တင်ပို့သည့်နိုင်ငံများရှိ တောင်သူများအနေဖြင့် ပဲမျိုးစုံကို ကြိုတင်စဉ်းစားစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံတန်ချိန် ၂၈ သန်းခန့်ထုတ်လုပ်နေပြီး ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိကြောင်း၊ သို့ရာတွင် ပဲအမျိုးအစားအလိုက် ထုတ်လုပ်မှုနှင့် စားသုံးမှုအရ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးအမျိုးအစားများမှာ ဈေးကွက်အတွက် တင်သွင်းရန် လိုအပ်လျက်ရှိနေကြောင်း သတင်းရင်းမြစ်များက ဆိုသည်။

အိန္ဒိယပဲစင်းငုံ လက်လီဈေးသည် တစ်ကီလိုလျှင် ရူပီး ၂၀၀ အထိမြင့်တက်ခဲ့သည့် ၂၀၁၆ ခုနှစ်တွင် နှစ်စဉ်တန်ချိန် ၂ သိန်းတင်သွင်းရန်အတွက် မိုဇမ်ဘစ်နှင့် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ယင်းနားလည်မှုစာချွန်လွှာကို နောက်ထပ်ငါးနှစ် သက်တမ်းတိုးခဲ့သည်။

၂၀၂၁ ခုနှစ်တွင် အိန္ဒိယသည် မာလာဝီနိုင်ငံနှင့် နှစ်စဉ်ပဲစင်းငုံတန်ချိန် ၅ သောင်းဖြင့် ငါးနှစ်တင်သွင်းရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့အတူ အိန္ဒိယသည် မြန်မာနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားပြီး ပဲစင်းငုံတန်ချိန် ၁ သိန်းနှင့် မတ်ပဲ ၂ ဒသမ ၅ သိန်းကို ၂၀၂၆ ခုနှစ်အထိ တင်သွင်းရန် ကတိပြုထားသည်။

အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံဈေးနှုန်းကြီးမြင့်မှုသည် လွန်ခဲ့သည့်လများစွာကတည်းက ဆတိုးမြင့်တက်လျက်ရှိပြီး ယခင်လက ပဲစင်းငုံဈေးနှုန်းမှာ ၃၉ ရာခိုင်နှုန်း၊ ပဲတီစိမ်း ၁၂ ဒသမ ၆၂ ရာခိုင်နှုန်း၊ ကုလားပဲ ၁၃ ဒသမ ၆၅ ရာခိုင်နှုန်းနှင့် မတ်ပဲ ၁၃ ဒသမ ၇၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၂၀၂၂-၂၀၂၃ သီးနှံနှစ်တွင် ပဲမျိုးစုံတန်ချိန် စုစုပေါင်း ၂၆ ဒသမ ၀၅ သန်းစံချိန်တင်ထွက်ရှိခဲ့ပြီး ကုလားပဲမှာ စုစုပေါင်းထွက်ရှိမှု၏ ၅၀ ရာခိုင်နှုန်းထိရှိခဲ့ကြောင်းနှင့် အိန္ဒိယနိုင်ငံသည် ကုလားပဲနှင့် ပဲတီစိမ်းများ ထွက်ရှိမှုမှာ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိကြောင်း သိရသည်။

Source: India starts importing pulses from Brazil, Financial Express, March 11,2024

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-13032024-13:12

## အိန္ဒိယနိုင်ငံ၌ အရန်ရိက္ခာပဲစင်းငုံကို အမြောက်အမြားဝယ်ယူရရှိရန် ခက်ခဲဖွယ်ရှိ

အိန္ဒိယနိုင်ငံ၌ကုန်စည်အဝယ်ဒိုင်များတွင် ပဲစင်းငုံလက်ကားဈေးနှုန်းများသည် အခြေခံရည်ညွှန်းဈေးနှုန်းသတ်မှတ်ချက်ဖြစ်သော တစ်ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၇,၀၀၀ နှုန်းထက် ၅၀ ရာခိုင်နှုန်းခန့် ပိုမိုလျက်ရှိရာ အစိုးရ၏ ဝယ်ယူရေးအေဂျင်စီများအနေဖြင့် ပဲစင်းငုံအရန်ရိက္ခာ တန်ချိန်တစ်သန်းကို ပြည့်မီစွာဖြင့် တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူရရှိနိုင်ရေးအပြင်းအထန် အားထုတ်ကြိုးပမ်းနေရကြောင်း Financial Express သတင်းဌာနက ဖော်ပြသည်။

အမျိုးသားစားသုံးသူများ သမဝါယမအသင်းချုပ် (NCCF) သည် အခြေခံရည်ညွှန်းဈေးထက် ပိုမိုသောပြောင်းလဲမှုရှိသည့် ဈေးနှုန်းတွက်ချက်မှုစနစ်ဖြင့် ယခုနှစ်ဆန်းပိုင်းမှစတင်၍ တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူခဲ့သော်လည်း လက်ရှိအချိန်အထိ ပဲစင်းငုံတန်ချိန် ၂၀,၀၀၀ ခန့်သာ ဝယ်ယူရရှိခဲ့ကြောင်း၊ အစိုးရအေဂျင်စီများအနေဖြင့် ပဲစင်းငုံကို ပြင်ပဈေးနှုန်းဖြင့် တောင်သူများထံမှ ဝယ်ယူခြင်းဖြစ်သော်လည်း ဈေးကွက်တွင် ပိုမိုဈေးကောင်းပေးဝယ်ယူမှုများရှိသဖြင့် အရန်ရိက္ခာပမာဏအများအပြားကို ဝယ်ယူရရှိရန် ခက်ခဲမှုရှိမည်ဖြစ်ကြောင်း၊ ပဲစင်းငုံများ ဈေးကွက်သို့ဝင်ရောက်မှုမှာ အမြင့်ဆုံးအခြေအနေသို့ရောက်ရှိခဲ့ပြီး ကုန်စည်အဝယ်ဒိုင်များ၌ တစ်ကွင်တယ်လျှင် ရူပီး ၁၀,၄၀၀ နှုန်းခန့်ဖြင့် အခြေခံရည်ညွှန်းဈေးနှုန်းထက် ၄၈ ရာခိုင်နှုန်း ပိုမိုလျက်ရှိကြောင်း၊ ဈေးနှုန်းများ ထပ်မံမြင့်တက်လာနိုင်ခြေကို မျှော်လင့်လျက် တောင်သူများသည် ၎င်းတို့ လက်ဝယ်၌ ပဲများကို သိုလှောင်ထားပြီး နောက်လအထိ ဈေးကွက်သို့ ကုန်စည်ဝင်ရောက်မှုရှိမည်ဖြစ်ကြောင်း ကုန်သည်များက ပြောဆိုခဲ့ကြသည်။

အစိုးရအရာရှိများကမူ ပဲစင်းငုံဝယ်လိုအားနှင့် ရောင်းလိုအားတို့အကြား ကွာဟချက်ကြီးမားမှုက ဈေးနှုန်းများမြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့သည်ဟု ပြောဆိုကြသည်။ ၂၀၂၃-၂၄ သီးနှံရာသီနှစ် ဇူလိုင်-ဇွန် ကာလအတွင်း ပဲစင်းငုံစိုက်ပျိုးထွက်ရှိမှုမှာ တန်ချိန် ၃ ဒသမ ၃၃ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားပြီး ယခင်နှစ်ထုတ်လုပ်မှုအောက် အနည်းငယ်လျော့နည်းမည်ဖြစ်သည်။

၂၀၂၂-၂၃ ခုနှစ်တွင် ပဲမျိုးစုံ စုစုပေါင်းထုတ်လုပ်မှုမှာ တန်ချိန် ၂၆ ဒသမ ၀၅ သန်းရှိပြီး နှစ်စဉ်စားသုံးမှုမှာ တန်ချိန် ၂၈ သန်းခန့်ရှိကြောင်း၊ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့၏ ထုတ်လုပ်မှုနှင့် စားသုံးမှုမှာ လိုက်ဖက်ညီမျှမှုမရှိပဲ ကွာဟချက်ဖြစ်ပေါ်ခဲ့ကြောင်း သတင်းအရင်းအမြစ်များက ပြောဆိုခဲ့သည်။

အိန္ဒိယအစိုးရသည် ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲနီလေးတို့ တင်သွင်းမှုအပေါ် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားရာ အဆိုပါပဲမျိုးများကို စိုက်ပျိုးထုတ်လုပ်တင်ပို့သည့်နိုင်ငံများရှိ တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးရန် ကောင်းစွာဆုံးဖြတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လက်ရှိကာလတွင် လိုအပ်သောသွင်းကုန်အတွက် နိုင်ငံအနည်းငယ်အပေါ်မှီခိုနေရခြင်းမှ အရင်းအမြစ်တိုးချဲ့နိုင်ရေး အိန္ဒိယအစိုးရက ကြိုးပမ်းလျက်ရှိပြီး အထူးသဖြင့် ဘရာဇီးနှင့် အာဂျင်တီးနားတို့တွင် မတ်ပဲနှင့် ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်လျက် တင်သွင်းရယူနိုင်မည့်အလားအလာကို လေ့လာလျက်ရှိသည်။

Source: Financial Express, 18 Mar 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_26032024_1022

## လယ်ယာမြေများကို မီးရှို့သောအလေ့အထရှိသည့် အိမ်နီးချင်းနိုင်ငံများမှ ပြောင်းတင်သွင်းမှုကို ပိတ်ပင်သွားရန် ထိုင်းအစိုးရအဖွဲ့က ခွင့်ပြုခဲ့

လယ်ယာမြေများကိုမီးရှို့သည့် အိမ်နီးချင်းနိုင်ငံများမှ ပြောင်းတင်သွင်းခွင့်ကိုပိတ်ပင်သွားရန် ထိုင်းအစိုးရအဖွဲ့က ခွင့်ပြုခဲ့ပြီး ယခုနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရခြင်းမှာ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည့် မီးခိုးမြူပြဿနာကိုလျော့ပါးစေရန်ဖြစ်ကြောင်း၊ မီးရှို့မှုဖြစ်ပွားသည့်နိုင်ငံများမှ တင်ပို့လာသည့်ပြောင်းများကိုပိတ်ပင်သည့် အမိန့်ကြော်ငြာစာ တစ်စောင်ထုတ်ပြန်ရန် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား လမ်းညွှန်မှာကြားပြီးဖြစ်ကြောင်း၊ အစိုးရ၏ လေထုညစ်ညမ်းမှုအပေါ် စိုးရိမ်နေသည်ကို ပြသရာလည်းရောက်ကြောင်း၊ ဂြိုဟ်တုပုံရိပ်များမှတစ်ဆင့် ပြောင်းစိုက်ပျိုးရာနေရာများကို နှိုင်းယှဉ်၍ ဆုံးဖြတ်ချက်ချမှတ်သွားမည်ဖြစ်ကြောင်း အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Chai Wacharonke က ပြောကြားခဲ့သည်။

တင်သွင်းမှုပိတ်ပင်ခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းချက်သည် ယခုနှစ်အတွင်း ထွက်ရှိလာနိုင်သည့် သန့်ရှင်းသောလေ အက်ဥပဒေ (Clear Air Act) ကို စောင့်ဆိုင်းရမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ နှစ်စဉ်ပြောင်းဝယ်လိုအားသည် တန်ချိန် ၈ ဒသမ ၉ သန်း ဖြစ်ပြီး နိုင်ငံအတွင်း၌ တန်ချိန် ၄ ဒသမ ၉ သန်း စိုက်ပျိုးထွက်ရှိကြောင်း၊ လက်ရှိတွင် အိမ်နီးချင်းနိုင်ငံများမှ တန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းလျက်ရှိပြီး မြန်မာနိုင်ငံမှ တန်ချိန် ၆၀၀,၀၀၀ မှ ၇၀၀,၀၀၀၊ လာအိုနိုင်ငံမှ တန်ချိန် ၃၀၀,၀၀၀ မှ ၄၀၀,၀၀၀ နှင့် ကမ္ဘောဒီးယားနိုင်ငံမှ တန်ချိန် ၁၀၀,၀၀၀ ဖြစ်ကြောင်း၊ တန်ချိန် ၂ သန်း ကျော်ကို အခြားနိုင်ငံများမှ ဝယ်ယူတင်သွင်းပြီး ဘရာဇီးနိုင်ငံမှ အများဆုံးဖြစ်ကြောင်းသိရသည်။

အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းမှုကန့်သတ်ခြင်းနှင့် ပိတ်ပင်ခြင်းအတွက် အထောက်အကူဖြစ်မည့်အစီအမံများအတွက် လယ်ယာမီးရှို့ခြင်းနှင့်ချိတ်ဆက်နေသည့် အထောက်အထားများကို တင်ပြသွားရမည်ဖြစ်ကြောင်း၊ယင်းအစီအမံများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံတကာကုန်သွယ်ရေးသဘောတူစာချုပ်များနှင့် ကိုက်ညီရန် အရေးကြီးကြောင်း၊ အစီအမံများသည် လယ်ယာမြေမီးရှို့မှုအမြင့်ဆုံးဖြစ်သည့် ကာလအတွင်း မြူခိုးကြောင့် လေထုညစ်ညမ်းမှုကို ဖြေရှင်းရန်ရည်ရွယ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်/သွင်းကုန်အက်ဥပဒေကိုလည်း လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Mr. Srettha Thavisin က အစိုးရအဖွဲ့ အစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

အိမ်နီးချင်းနိုင်ငံများ၏ သီးနှံစိုက်ပျိုးသည့် နေရာများကို မီးရှို့လေ့ရှိသည့် အလေ့အထသည် နယ်စပ်ဖြတ်ကျော်မြူမှုန်ပြဿနာကိုဖြစ်စေနိုင်ပြီး ထိုင်းနိုင်ငံကို ထိခိုက်လာနိုင်ကြောင်း၊ ဝန်ကြီးချုပ်က လယ်ယာမြေမီးရှို့သည့်နိုင်ငံများမှ ပြောင်းကိုဆက်လက်မတင်သွင်းလိုတော့ကြောင်း၊ ပြောင်းတင်သွင်းခွင့်ပိတ်ပင်မည့်အပေါ် အစိုးရအဖွဲ့ဝင်အချို့က ကန့်ကွက်ကြကြောင်း သိရသည်။

သန့်ရှင်းသောလေ အက်ဥပဒေအသက်မဝင်မီ သွင်းကုန်ပိတ်ပင်ခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏လုပ်ထုံးလုပ်နည်းများကို ဆန့်ကျင်ရာရောက်ကြောင်း၊ အခြားနိုင်ငံများ၏ လယ်ယာမြေမီးရှို့မှုကို ရပ်တန့်စေလိုသည့် ထိုင်းနိုင်ငံ ကိုယ်တိုင်လည်း

မီးရှို့ခြင်းကို ရပ်တန့်သင့်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Napintorn Srisanpang က အကြံပြုဆွေးနွေးသည်။

ထိုင်းနိုင်ငံတွင် မြူခိုးများထူထပ်ပြီး PM 2.5 ပြဿနာအပေါ် စောင့်ကြည့်ရသည့် အနေအထားဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများမှ လယ်ယာမြေမီးရှို့သည့် အလေ့အထကြောင့် နယ်စပ်ဖြတ်ကျော် မြူခိုးပြဿနာအတွက် ထည့်သွင်းစဉ်းစားခြင်းကြောင့် လယ်ယာမြေမီးရှို့သည့် အိမ်နီးချင်းနိုင်ငံများမှ ပြောင်းတင်သွင်းခြင်းကို ပိတ်ပင်သွားရန် စဉ်းစားခြင်းဖြစ်သည်။ ယင်းသို့ပိတ်ပင်ခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လုပ်ထုံးလုပ်နည်းများကို ဆန့်ကျင်နေကြောင်း အချို့က ထောက်ပြဆွေးနွေးကြပြီး သန့်ရှင်းသောလေ အက်ဥပဒေ အသက်ဝင်သည့်အချိန်အတွက် စောင့်ကြည့်ရမည်ဖြစ်ကြောင်း သုံးသပ်ရသည်။ Source: www.bangkokpost.com,(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source:https://myantrade.gov.mm/article/Naypyitawstp_210320240923

## တရုတ်နိုင်ငံသို့ ပါကစ္စတန်မှ နှမ်းတင်ပို့မှု ၁၂၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာ

တရုတ်နိုင်ငံသို့ ပါကစ္စတန်မှ နှမ်းတင်ပို့မှုသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၂၉၀ သန်းကျော်ရှိခဲ့ပြီး တန်ဖိုးအားဖြင့် တစ်နှစ်ထက်တစ်နှစ် ၁၂၆ ဒသမ၂၉ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ပေကျင်းမြို့ရှိ ပါကစ္စတန်သံရုံးမှ ပြောကြားချက်အရ သိရသည်။

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံမှ နှမ်း ၁၆၆,၆၈၂ ဒသမ ၉၈၇ တန် တင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် နှမ်း ၈၄,၉၈၅ ဒသမ ၃၂ တန် တင်သွင်းခဲ့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၉၆ ဒသမ ၁၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်းလည်း သိရသည်။

GACC ၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့တစ်ဝှမ်းမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၂ ဘီလီယံခန့်တန်ဖိုးရှိ နှမ်းတန်ချိန် ၉၁၂,၈၁၄ ဒသမ ၅၇၇ ခန့်တင်သွင်းခဲ့ကြောင်း၊ အာဖရိကနိုင်ငံတစ်ခုဖြစ်သည့် နိုင်ဂျာနိုင်ငံသည် အမေရိကန်ဒေါ်လာ ၃၀၉ ဒသမ ၅၁ သန်း တန်ဖိုးရှိ နှမ်း ၁၉၂,၅၂၉ တန် တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံသို့ နှမ်းတင်ပို့မှုတွင် သုံးနှစ်ဆက်တိုက် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း၊ ၎င်း၏နောက်တွင် ပါကစ္စတန်သည် အမေရိကန်ဒေါ်လာ ၂၉၀ ဒသမ ၆၆ သန်းနှင့် တန်ဇန်းနီးယားသည် အမေရိကန်ဒေါ်လာ ၂၃၉ ဒသမ ၈၃ သန်းဖြင့် အသီးသီးရပ်တည်နေကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ပါကစ္စတန်သည် တရုတ်နိုင်ငံ၏နှမ်းတင်သွင်းမှု စုစုပေါင်း၏ ၁၉ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် နှမ်းဝယ်လိုအား တိုးလာနေမှုကြောင့် China Machinery Engineering Corporation (CMEC)က ဦးဆောင်သော Sino-Pak Agricultural Cooperation and Exchange Centre သည် ပါကစ္စတန်တောင်သူများနှင့် ကန်ထရိုက်စိုက်ပျိုးရေးကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ပါကစ္စတန်ရှိ Pak-China နှမ်းကန်ထရိုက်စိုက်ပျိုးရေးစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားမည်ဖြစ်ပြီး ယခုနှစ်အတွင်း အဆိုပါစီမံကိန်းမှ အနည်းဆုံး နှမ်းတန်ချိန် ၅၀၀၀ တင်သွင်းရန် အစီအစဉ်ရှိသည်ဟု စီမံကိန်းမန်နေဂျာ Xi Jianlong က ပြောကြားခဲ့ကြောင်းသိရသည်။

၂၀၂၃ ခုနှစ်တွင် နှမ်းတန်ချိန် ၄၀၀ တင်သွင်းခဲ့ပြီး ယခုနှစ်တွင် အနည်းဆုံး တန်ချိန် ၅၀၀၀ တင်သွင်းသွားရန် စီစဉ်ထားကြောင်း၊ ၂၀၂၃ ခုနှစ်ကုန်တွင် စီမံကိန်းမှ ပထမအသုတ်နှမ်းများကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ နှမ်းတင်သွင်းမှုပမာဏသည် လွန်ခဲ့သည့် ၃ နှစ်အတွင်း တန်ချိန် ၁ သန်းခန့်ဖြင့် တည်ငြိမ်နေခဲ့ကြောင်း၊ ပါကစ္စတန်မှ နှမ်းများကို တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ တင်ပို့ရာတွင် ခန့်မှန်းခြေအားဖြင့် ၁၀ ရက်မှ ၁၅ ရက်အတွင်းသာ ကြာမြင့်သည်ဟု Xi က ပြောကြားခဲ့ကြောင်း သိရှိရသည်။

၂၀၁၈ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ နှမ်းစိုက်ဧရိယာသည် ဧက ၂၀၀,၀၀၀ သာရှိခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ဧက ၁ သန်းအထိ တိုးလာခဲ့ကြောင်း၊ ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေးအရင်းအမြစ်များနှင့် နည်းပညာဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးလျက်ရှိပြီး နှမ်းတစ်ဧကအထွက်နှုန်းသည် ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ဆနီးပါးတိုးလာကြောင်း သိရသည်။

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်လက်များအရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ နှမ်းတင်သွင်းမှုကျဆင်းသွားပြီး ပါကစ္စတန်နှင့် အာဖရိကနိုင်ငံများမှ နှမ်းတင်သွင်းမှု သိသိသာသာတိုးတက်

လာသည်ကို တွေ့ရှိရသဖြင့် ယခုနှစ်တွင် မြန်မာ့နှမ်းများ ဈေးကွက်ဝေစု ထိန်းသိမ်းထားနိုင်ရေးအတွက် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ရန် အလေးထားဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရသည်။

Source: – https://tribune.com.pk/story/2457694/china-to-import-5000-tons-of-sesame-in-fy24

- https://tribune.com.pk/story/2456698/sesame-exports-to-china-surge-1263

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_180320240130

## ရုရှားသည် တရုတ်နိုင်ငံသို့ ဓာတ်မြေသြဇာတင်ပို့မှုတွင် ဦးဆောင်သူဖြစ်လာ

၂၀၂၄ ခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီလအတွင်း ရုရှားသည် တရုတ်နိုင်ငံသို့ ပိုတက်စီယမ်ကလိုရိုက် တန်ချိန် ၈၉၁,၃၀၀ ကို ထောက်ပံ့ပေးခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ်အလားတူကာလထက် ၉၄ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း၊ ရုရှားသည် တရုတ်နိုင်ငံသို့ ဓာတ်မြေသြဇာ အများဆုံးတင်သွင်းသူဖြစ်လာခဲ့ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)က ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

၂၀၂၄ ခုနှစ်၊ ပထမနှစ်လတာအတွက် ရုရှားဓာတ်မြေသြဇာတင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၈၅ ဒသမ ၃ သန်း ရှိကြောင်း ဖော်ပြထားသည်။ တရုတ်နိုင်ငံသို့ ပိုတက်စီယမ်ကလိုရိုက်ထောက်ပံ့မှု၏ ဒုတိယနေရာကို ကနေဒါက တန်ချိန် ၇၁၉, ၉၀၀ ဖြင့် ကန်ဒေါ်လာ ၂၂၅ ဒသမ ၁ သန်း ရရှိထားပြီး တတိယနေရာကို ဘီလာရုစ်က တန်ချိန် ၄၄၈,၀၀၀ ဖြင့် ကန်ဒေါ်လာ ၁၄၁ ဒသမ ၉ သန်း ရရှိထားသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားသည် တရုတ်နိုင်ငံသို့ ဒုတိယအများဆုံး ပိုတက်စီယမ်ကလိုရိုက် တန်ချိန် ၃ သန်း ဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ တင်ပို့သူဖြစ်ခဲ့ပြီး ဘီလာရုစ်သည် တန်ချိန် ၃ ဒသမ ၄ သန်းဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ အများဆုံး တင်ပို့သူဖြစ်ခဲ့သည်။

ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov က ရုရှားနှင့် တရုတ်တို့၏ ကုန်သွယ်မှု၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်ဆံမှုများသည် နက်ရှိုင်းစွာတိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး ၂၀၃၀ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ လျာထားချက် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံအထိ ရောက်ရှိနိုင်စေရန် မျှော်မှန်းထားကြောင်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားနှင့် တရုတ်တို့၏ အပြန်အလှန်ကုန်သွယ်မှုပမာဏသည် စံချိန်တင်မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၁၁ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

Source : https://www.gazeta.ru/business/news/2024/03/20/22589197.shtml

(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-26032024-13:51

## ဗီယက်နမ်နိုင်ငံ၌ ဆားငန်ရေဝင်ရောက်မှု မြင့်တက်ခြင်းက သီးနှံတန်ဖိုး ဒေါ်လာ ၃ ဘီလီယံအထိ ဆုံးရှုံးစေနိုင်

ဗီယက်နမ်နိုင်ငံ၌ စိုက်ပျိုးနိုင်သောမြေများထဲသို့ ရေငန်များ ပိုမိုစိမ့်ဝင်လာခြင်းကြောင့် သီးနှံဆုံးရှုံးမှုသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံနီးပါးရှိကြောင်း ဗီယက်နမ်နိုင်ငံပိုင် VnExpress သတင်းဌာနက ၂၀၂၄ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့၌ ရေးသားဖော်ပြသည်။ ဗီယက်နမ်နိုင်ငံ၏ စပါးကျီဟု လူသိများသော လူသန်းပေါင်းများစွာအတွက် စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကြောင်းပြုနေသည့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသသည် သီးနှံပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်နိုင်သည့် အချက်အချာနေရာတစ်ခု ဖြစ်နိုင်ကြောင်း ဗီယက်နမ်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ သုတေသနပြုချက်တွင် ဖော်ပြထားခြင်း ဖြစ်သည်။

ခြောက်သွေ့ရာသီတွင် ရေငန်ပမာဏ မြင့်မားလေ့ရှိသော်လည်း ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မိုးခေါင်ခြင်း၊ ဒီရေအတက်အကျနှင့် အထက်ပိုင်းရေချိုနည်းပါးခြင်းတို့ကြောင့် ရေငန်စိမ့်ဝင်မှုပိုမိုပြင်းထန်လာခြင်းဖြစ်ကြောင်း၊ သီးနှံဆုံးရှုံးမှုသည် ဗီယက်နမ် ဒေါင်ငွေ ၇၀ ထရီလီယံ ဒေါ်လာ ၂ ဒသမ ၈၄ ဘီလီယံ အထိ ရှိလာနိုင်ကြောင်း၊ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ၏ ထိခိုက်မှုအရှိဆုံး အစိတ်အပိုင်းများအနက်မှ တောင်ဘက်စွန်း Ca Mau ပြည်နယ်တွင် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၆၆၅ သန်းနှင့် Ben Tre ပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၄၇၂ သန်းခန့်ဆုံးရှုံးမှုနှင့် ရင်ဆိုင်နိုင်ရကြောင်းဖြင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနလက်အောက်ရှိ ရေအရင်းအမြစ် သိပ္ပံဌာနမှပြုစုသည့် သုတေသနစာတမ်းအား ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာညီလာခံတွင် တင်ပြချက်ကို ကိုးကား၍ VnExpress သတင်းဌာနက ဖော်ပြကြောင်း သိရသည်။

လက်ရှိအခြေအနေအရ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ၌ သီးနှံများထိခိုက်ပျက်စီးမှုအနေဖြင့် သစ်သီးဝလံသည် ၂၉ ရာခိုင်နှုန်း၊ ကောက်ပဲသီးနှံသည် ၂၇ ရာခိုင်နှုန်းနှင့် စပါးစိုက်ပျိုးမှုသည် ၁၄ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ငါးလုပ်ငန်းတွင် ဆုံးရှုံးမှုမှာ ဗီယက်နမ်ဒေါင် ၂၁,၀၀၀ ဘီလီယံ အမေရိကန်ဒေါ်လာ ၈၄၀ သန်း ကျော်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်းရှိကြောင်း၊ အနာဂတ်ကာလတွင် ဒေသတွင်း၌ ဆုံးရှုံးမှုကြီးမားနိုင်မည်ဟု ခန့်မှန်းထားပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံကျော်အထိ မြင့်တက်လာနိုင်ကြောင်း ဗီယက်နမ်နိုင်ငံ ရေအရင်းအမြစ်သိပ္ပံဌာနမှပြုစုသည့် သုတေသနစာတမ်းတွင် ဖော်ပြထားသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ စပါးနှင့်သစ်သီးခြံ ဧရိယာဟက်တာပေါင်း ၈၀,၀၀၀ ခန့်တွင် ဆားငန်ရေစိမ့်ဝင်မှုကျရောက်နိုင်သည်ဟု ရေအရင်းအမြစ်ဦးစီးဌာနက ၂၀၂၄ ခုနှစ် မတ်လ အစောပိုင်းတွင် သတိပေးပြောကြားခဲ့သည်။ ဗီယက်နမ်မြစ်ချောင်းနှင့် မိုးလေဝသခန့်မှန်းချက်ဆိုင်ရာ အမျိုးသားဗဟိုဌာနကလည်း ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသတွင် ဆားငန်ရေဝင်ရောက်မှုသည် ပျမ်းမျှထက်ပိုများနေကြောင်း ဖော်ပြခဲ့သည်။ ဗီယက်နမ်နိုင်ငံ၌ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသသည် ဖေဖော်ဝါရီလတွင် ပုံမှန်မဟုတ်သော အပူလှိုင်းဒဏ်ကို အချိန်ကြာမြင့်စွာခံစားခဲ့ရပြီး ဒေသအများအပြား၌ မိုးခေါင်ရေရှားမှုနှင့် ဒေသတွင်းရှိ တူးမြောင်းများတွင် ရေနည်းပါးမှုဒဏ်နှင့် ကြုံတွေ့နေရကြောင်း သိရသည်။

Source: Business Recorder, 18 Mar 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source:[https://myantrade.gov.mm/article/naypyitaw_26032024_1027](https://myantrade.gov.mm/article/naypyitaw_26032024_1027)

## ထိုင်းနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေထောက်ပံ့ပေးမည့်စီမံချက် (Credit Guarantee Project) ဆောင်ရွက်သွားရန်ရှိ

ထိုင်းနိုင်ငံ၊ ဝန်ကြီးချုပ်၏ ၂၀၃၀ ပြည့်နှစ်တွင် ကဏ္ဍ ၈ ခု၌ အချက်အချာဖြစ်စေရမည့် “Ignite Thailand” မျှော်မှန်းချက်ကို အထောက်အကူပြုနိုင်ရေးအတွက် ဘတ် ၅၀ ဘီလီယံ ချေးငွေထောက်ပံ့ပေးမည့်အစီအစဉ်ကို အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြသွားရန် ဘဏ္ဍာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာငွေဖြစ်လွယ်မှုအတွက် အတိုးနှုန်းနည်းပါးသော ချေးငွေထုတ်ပေးရန် Government Saving Bank (GSB) ကို ညွှန်ကြားထားပါကြောင်း၊ ဝန်ကြီးချုပ်မြင့်တင်လိုသည့် အဓိကနယ်ပယ် ၃ ခုဖြစ်သော ခရီးသွားလုပ်ငန်း၊ ကျန်းမာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍများအတွက် အထောက်အကူပြုရန်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စီမံဆောင်ရွက်ချက်များကြောင့် ထိုင်းနိုင်ငံအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်တိုးမြင့်စေရန်၊ ဘဏ္ဍာငွေဖြစ်လွယ်မှု မြင့်တက်စေရန်နှင့် ဈေးကွက်ယှဉ်ပြိုင်စွမ်းအား မြင့်တက်စေရန်သာမက နိုင်ငံစီးပွားရေးတွင် ငွေစီးဆင်းစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန်လည်း ဖြစ်ပါကြောင်း အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Ms. Rudklao Intawong Suwankiri က ပြောကြားခဲ့သည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာငွေဝန်ထုပ်ဝန်ပိုး လျော့ပါးသက်သာစေရန် ယခင် ၂ နှစ်ချေးငွေကင်းလွတ်ခွင့်မှ ယခုအခါ ၃ နှစ် ချေးငွေကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း၊ ချေးငွေကာလမှာ ၁၀ နှစ်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များသည် ချေးငွေကာလမတိုင်ခင် အထောက်အပံ့ကို ရပ်ဆိုင်းနိုင်ကြောင်း၊ လက်ရှိတွင် ခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအပါအဝင် ဝန်ဆောင်မှုကဏ္ဍ ၁၂ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်း၊ အစားအစာနှင့် စိုက်ပျိုးရေးကဏ္ဍ ၁၀ ရာခိုင်နှုန်းကို လွှမ်းခြုံသော ချေးငွေ ဘတ် ၁၀၀ ဘီလီယံ ရှိပါကြောင်း ထိုင်းချေးငွေထောက်ပံ့ပေးရေး ကော်ပိုရေးရှင်း၏ အထွေထွေမန်နေဂျာ Mr. Sittikorn Direksoonthorn က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေကို နိုင်ငံ GDP တွင် ပါဝင်မှု မြင့်တက်စေရန် အစိုးရက ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် SME များတွင် ဘဏ္ဍာငွေ လိုအပ်ချက်ရှိနေဆဲဖြစ်ရာ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာငွေဝန်ထုပ်ဝန်ပိုးသက်သာစေရန် ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရသည်။ Source: [www.bangkokpost.com](http://www.bangkokpost.com)၊ , စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့

Source: https://myantrade.gov.mm/article/Naypyitawstp_150320240404

## ဗီယက်နမ်နိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ပို့ကုန်ဝန်ဆောင်မှုများအတွက် တန်ဖိုးဖြည့်ခွန် သုညရာခိုင်နှုန်း ဆက်လက်ထားရှိရန် အဆိုပြု

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ဝန်ဆောင်မှုများ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး နှစ်စဉ် ပျမ်းမျှတိုးတက်မှုနှုန်း ၁၁ ရာခိုင်နှုန်းရှိကြောင်း၊ နိုင်ငံ၏ စုစုပေါင်းပြည်တွင်း တိုးတက်မှုနှုန်းထက် မြင့်မားခဲ့ကြောင်း သိရသည်။ ပို့ကုန်ဝန်ဆောင်မှုများအတွက် တန်ဖိုးဖြည့်ခွန် (VAT) သုညရာခိုင်နှုန်းကို ဗီယက်နမ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက အဆိုပြုထားပြီး အခွန်နှုန်းတိုးမြှင့်ခြင်းသည် ပြည်ပပြိုင်ဘက်များနှင့် ဗီယက်နမ် ဝန်ဆောင်မှုပေးသူများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေနိုင်ကြောင်း ဖော်ပြထားသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ယခုနှစ် မေလတွင်ပြုလုပ်မည့် သတ္တမအကြိမ်မြောက်အစည်းအဝေးတွင် အဆိုပြု တင်သွင်းမည့် တန်ဖိုးဖြည့်ခွန် ဥပဒေအား ပြင်ဆင်ရန် ရေးဆွဲနေကြောင်း၊ မူကြမ်းတွင် လက်ရှိကောက်ခံနေသည့် သုညရာခိုင်နှုန်း အစား ပို့ကုန်ဝန်ဆောင်မှု အများစုအတွက် VAT ကို ဝန်ကြီးဌာနက စည်းကြပ်လိုကြောင်း သိရသည်။

အထူးသဖြင့် ဗီယက်နမ်နိုင်ငံ ပြင်ပနိုင်ငံတကာ သယ်ယူပို့ဆောင်ရေး၊ ယာဉ်အငှားနှင့် ဆက်စပ်ဝန်ဆောင်မှုအချို့ကို သာ အခွန်သုညရာခိုင်နှုန်းဖြင့် ဆက်လက်ထားရှိရန် အဆိုပြုထားပြီး အချို့မှာ အများအားဖြင့် VAT နှုန်းထားအရ ၁၀ ရာခိုင်နှုန်း အထိ ရှိမည်ဖြစ်ကြောင်း သိရသည်။

ပြင်ဆင်ရခြင်း၏ အကြောင်းရင်းမှာ အခွန်အာဏာပိုင်များအနေဖြင့် ပို့ကုန်ဝန်ဆောင်မှုများမှ ဝင်ငွေနှင့် ပြည်တွင်း စားသုံးမှုတို့အကြား ပိုင်းခြားရန်ခက်ခဲသောကြောင့်ဖြစ်ကြောင်း၊ တင်ပို့ရာတွင် VAT ၁၀ ရာခိုင်နှုန်း သတ်မှတ်ခြင်းသည် ဗီယက်နမ်ဝန်ဆောင်မှုပေးသူများကို ပြည်ပပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရန် ခက်ခဲစေကြောင်း VCCI မှ ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း နိုင်ငံတကာဝန်ဆောင်မှုများနှင့် ဆက်စပ်သည့် ကုန်သွယ်မှုသည် ကမ္ဘာ့ဈေးကွက်တွင် သိသိသာသာတိုးတက်လာခဲ့ပြီး လာမည့်နှစ်များတွင် အင်တာနက်နှင့် အသေးထိန်းစနစ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အားကောင်းလာမည်ဟု ခန့်မှန်းထားကြောင်း ကမ္ဘာ့ဘဏ်၏ စာရင်းအင်းများကို ကိုးကား၍ VCCI မှ ပြောကြားခဲ့သည်။ ဝန်ဆောင်မှုများသည် ၁၉၈၀ ခုနှစ်များတွင် အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ ထရီလီယံကျော်အထိ ခုန်တက်သွားပြီး ၂၀၀၃ ခုနှစ်မှ ယနေ့အထိ နှစ်စဉ်ပျမ်းမျှ တစ်နှစ်တိုးနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုသည် ၁၉၈၂ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းမှ ၂၀၂၀ ပြည့်နှစ်တွင် ၁၇ ရာခိုင်နှုန်း အထိ သိသိသာသာကျဆင်းသွားသော်လည်း ဆက်သွယ်ရေးနှင့် အိုင်တီဝန်ဆောင်မှုများ မြင့်တက်လာကြောင်း တွေ့ရသည်။

ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးနှင့် အိုင်တီဝန်ဆောင်မှုများ တင်ပို့မှုသည် ၂၀၀၄ ခုနှစ်တွင် ပျမ်းမျှအားဖြင့် နှစ်စဉ် ၁၂ ဒသမ ၃ ရာခိုင်နှုန်းတိုးလာကြောင်း ကိန်းဂဏန်းများအရ သိရသည်။ အဆိုပါနှုန်းသည် COVID-19 ကပ်ရောဂါကြောင့် ပိုမိုလျှင်မြန်စွာ မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (VCCI) မှ ပို့ကုန်ဝန်ဆောင်မှုကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အလားအလာဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်၏ ပို့ကုန်ဝန်ဆောင်မှုသည် ဒေါ်လာ ၂၀ ဘီလီယံအထိရောက်ရှိခဲ့ပြီး နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း ၁၁ ရာခိုင်နှုန်းဖြင့် နိုင်ငံ၏ စုစုပေါင်းပြည်တွင်း တိုးတက်မှုနှုန်းထက် မြင့်မားခဲ့ကြောင်း၊ ပို့ကုန်ဝန်ဆောင်မှုကဏ္ဍများတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ကျော်ရှိနေကြောင်း သိရသည်။

ပို့ကုန်ဝန်ဆောင်မှုများသည် ဗီယက်နမ်နိုင်ငံကဲ့သို့ အရင်းအနှီးအကန့်အသတ်ရှိသော နိုင်ငံများအတွက် ထုတ်လုပ်မှုထက် အရင်းအနှီးနည်းရန်လိုကြောင်း၊ အင်တာနက်အခြေခံဝန်ဆောင်မှုများတင်ပို့ခြင်းသည် နိုင်ငံ၏ပုံရိပ်ကိုမြှင့်တင်ရန်နှင့် “soft power” ကို မြှင့်တင်ရန် ဖြစ်ကြောင်း VCCI မှ ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ စီးပွားရေးသည် ပို့ကုန်ကို ဦးတည်သော စီးပွားရေးတစ်ခုဖြစ်ကြောင်း၊ နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်း ၁၅ ရာခိုင်နှုန်းနီးပါးရှိကြောင်း VCCI မှ ပြောကြားခဲ့ပြီး ပို့ကုန်ဝန်ဆောင်မှုများတွင် VAT သုညရာခိုင်နှုန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း အလေးပေးပြောကြားခဲ့သည်။

VCCI ၏ အဆိုအရ ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံအများစုသည် ပို့ကုန်ဝန်ဆောင်မှုများအတွက် VAT သုညရာခိုင်နှုန်း စည်းကြပ်နေပြီး သွင်းအားစုများပေါ်တွင် အခွန်ပြန်အမ်းခြင်းကို ခွင့်ပြုထားသည်။ ထို့ကြောင့် ပို့ကုန်ဝန်ဆောင်မှုများအတွက် VAT ကို သုညရာခိုင်နှုန်းတွင် ထားရှိသင့်သည်ဟု VCCI က ဆိုသည်။

ဗီယက်နမ်၏ အဓိကပို့ကုန် ဝန်ဆောင်မှုများမှာ ကုန်ထုတ်လုပ်မှုအရင်းအမြစ်၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ခရီးသွားလုပ်ငန်း၊ အာမခံ၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ၊ အိုင်တီနှင့် သတင်းအချက်အလက် ဝန်ဆောင်မှုများပါဝင်ကြောင်း ဖော်ပြထားသည်။

Source : Vietnam Plus , (စီးပွားရေးသံမှူး၊ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_140320240415

## ကုန်စည်အများစုအပေါ် အကောက်ခွန်နှုန်းများကို ဖယ်ရှားတော့မည့် ဩစတြေးလျနိုင်ငံ

ဩစတြေးလျနိုင်ငံသည် စီးပွားရေးလုပ်ငန်းများအတွက် ကြိုးနီစနစ်ဖယ်ရှားပေးရန်နှင့် အိမ်ထောင်စုများအတွက် နေထိုင်မှုစရိတ်လျှော့ချနိုင်ရန် သွားတိုက်တံ၊ ပေါင်မုန့်မီးကင်စက်၊ အိမ်ထောင်စုသုံးပစ္စည်းကိရိယာများ၊ အဝတ်အစားများ အပါအဝင် သွင်းကုန်အများစုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားများအား ဖယ်ရှားပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဩစတြေးလျဘဏ္ဍာရေးဝန်ကြီး Jim Chalmer က အကောက်ခွန်များ ဖယ်ရှားလိုက်ခြင်းကြောင့် နှစ်စဉ်ကုန်သွယ်မှုတန်ဖိုး ဩစတြေးလျ ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံခန့်မှာ ချောမွေ့သွားပြီး စီးပွားရေးလုပ်ငန်းများမှ သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရသည့် ကုန်ကျစရိတ် ဩစတြေးလျ ဒေါ်လာသန်း ၃၀ ခန့်ကို သက်သာစေမည်ဖြစ်ကြောင်း၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ အနှောင့်အယှက်ဖြစ်စေသော အကောက်ခွန်လိုင်းပေါင်း ၅၀၀ ခန့်ကို ဖယ်ရှားသွားမည်ဖြစ်ပြီး ယင်းမှာ ဩစတြေးလျ ကုန်သွယ်မှုစနစ်ပြုပြင်ပြောင်းလဲရေးအတွက် အရေးကြီးသောခြေလှမ်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် ကုန်စည်အများစုမှာ ကုန်သွယ်မှုသဘောတူညီချက်များကြောင့် သွင်းကုန်ခွန်ကင်းလွတ်ခွင့်ရသော်လည်း အကောက်ခွန်သက်သာခွင့်ရရှိရေး စီးပွားရေးလုပ်ငန်းများက စည်းမျဉ်းများနှင့်ကိုက်ညီကြောင်း ပြသရသည့် ကုန်ကျစရိတ်များကို စားသုံးသူများအား ထည့်သွင်းကောက်ခံထားကြသည်။

ယခုဆောင်ရွက်မှုသည် နှစ်ပေါင်း ၂၀ အတွင်း အကြီးမားဆုံးသော တစ်ဖက်သတ်အခွန်ပြုပြင် ပြောင်းလဲရေးဖြစ်ပြီး ဩစတြေးလျ စုစုပေါင်းအကောက်ခွန်နှုန်းများ၏ ၁၄ ရာခိုင်နှုန်းကို ပယ်ရှားသွားမည်ဖြစ်ကြောင်း၊ အကောက်ခွန်လိုင်း အပြည့်အစုံကို မေလတွင်အပြီးသတ်မည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးကပြောကြားခဲ့သည်။

Source: Reuters, Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_19032024_930

## ပြည်ပသို့ ရော်ဘာတင်ပို့နိုင်ရေး အိန္ဒိယရော်ဘာဘုတ်အဖွဲ့ ဆောင်ရွက်မည်

ကမ္ဘာ့ရော်ဘာဈေးနှုန်းများ မြင့်တက်လျက်ရှိသော်လည်း အိန္ဒိယပြည်တွင်း၌ ဈေးနှုန်းများ လိုက်ပါပြောင်းလဲမှု ရပ်တန့်နေသဖြင့် ပြည်တွင်းဈေးကွက် ခိုင်မာအားကောင်းစေရေးအတွက် ပြည်ပတင်ပို့မှုကို မြှင့်တင်ဆောင်ရွက်ရန် အိန္ဒိယတောင်သူများက တောင်းဆိုလျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာဈေးကွက်၌ သဘာဝရော်ဘာဈေးနှုန်းများမှာ တစ် ကီလိုဂရမ်လျှင် ရူပီးငွေ ၂၀၀ အထက်သို့ ကျော်လွန်လာခဲ့ရာ အိန္ဒိယပြည်တွင်းရှိ ရော်ဘာအဓိကထုတ်လုပ်ရာဒေသဖြစ်သော Kottayam ဈေးကွက်တွင်လည်း ၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက် နေ့၌ တစ်ကီလိုဂရမ်လျှင် ၁၇၅ ရူပီးနှုန်းသို့ ရောက်ရှိခဲ့သည်။ ပြည်တွင်းရော်ဘာဈေးနှုန်းများကို နိုင်ငံတကာဈေးနှုန်းများနှင့်အညီ လိုက်ပါချိန်ညှိရန် ဖိအားများသက်ရောက်မှုနှင့်အတူ အိန္ဒိယရော်ဘာဘုတ်အဖွဲ့သည် ပြည်ပသို့ သဘာဝရော်ဘာတင်ပို့ရေး လှုံ့ဆော်မှုများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ရော်ဘာပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ပြည်တွင်းဈေးကွက်သုံးသပ်ခြင်းနှင့် ရော်ဘာအဆင့်အတန်း အမျိုးအစားအလိုက် ပြည်ပဈေးကွက် တင်ပို့နိုင်မည့် အလားအလာ ဖော်ထုတ်ခြင်းတို့ကို ဆွေးနွေးရန် စီစဉ်ထားရှိကြောင်း The New Indian Express သတင်းဌာနက ဖော်ပြသည်။

ပြည်တွင်းရော်ဘာဈေးနှုန်းများမှာ ကမ္ဘာ့ဈေးကွက်နှင့်အညီ တိုးတက်ပြောင်းလဲမှုမရှိဘဲ ရပ်တန့်နေခြင်းသည် လော့ဆာဘ လွှတ်တော်အတွက် ဆန္ဒမဲပေးပွဲများ ကျင်းပမှုမတိုင်မီကာလ၌ အဓိကဆွေးနွေးအဖြေရှာရမည့်ကိစ္စ တစ်ရပ်ဖြစ်လာခဲ့သည်။ နိုင်ငံတစ်ဝန်း၌ ရော်ဘာဈေးနှုန်းများကို ကြိုးကိုင်ခြယ်လှယ်နိုင်ရန်အတွက် ပြည်တွင်းရှိ တာယာကုမ္ပဏီများအနေဖြင့် ရော်ဘာပို့ကုန်ဈေးကွက်အတွင်း ဝင်ရောက်မှုမပြုဘဲ ရည်ရွယ်ချက်ရှိစွာ ရှောင်ခွာနေကြသည်ဟု တောင်သူများက ထင်မြင်လျက်ရှိသည်။ ထို့ပြင် ပြည်ပသို့ ရော်ဘာတင်ပို့ခြင်းကသာ အဆိုပါကုမ္ပဏီများအား တာယာထုတ်လုပ်သည့်လုပ်ငန်းအတွက် ပြည်တွင်းမှကုန်ကြမ်းကို အရင်းအမြစ်အဖြစ်ရယူစေရန် တောင်းဆိုနိုင်ပြီး ဈေးနှုန်းများကို မြင့်တက်စေနိုင်မည်ဟု ၎င်းတို့က ရှုမြင်ထားကြသည်။ သို့ဖြစ်ရာ ရော်ဘာဘုတ်အဖွဲ့၏ မည်သည့်ကြားဝင်ဆောင်ရွက်မှုမဆို အဆိုပါဒေသတွင်း၌ အရေးပါသည့် နိုင်ငံရေးဆိုင်ရာ တိုးတက်မှုတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ရော်ဘာထုတ်လုပ်သူများ၏ လူမှုရေးအသင်းများ အမျိုးသားအဆင့်ပူးပေါင်းအဖွဲ့ (NCRPS) မှ ကိုယ်စားလှယ်များသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် အိန္ဒိယရော်ဘာဘုတ်အဖွဲ့၏ ဥက္ကဋ္ဌနှင့်တွေ့ဆုံလျက် ရော်ဘာတင်ပို့နိုင်ရေး ကြားဝင်ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ ထိုသို့ တွေ့ဆုံရာ၌ ရော်ဘာတင်ပို့မှုကို အမြဲမပြတ်ဆောင်ရွက်နိုင်ရေးအတွက် ရော်ဘာဘုတ်အဖွဲ့အောက်ရှိ ကုမ္ပဏီများနှင့် ရော်ဘာထုတ်လုပ်သည့် လူမှုရေးအသင်းများအကြား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်တစ်ရပ်ကို ချမှတ်ထားပြီးဖြစ်သည်ဟု ရော်ဘာဘုတ်အဖွဲ့ဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်း၊ ရော်ဘာဝယ်ယူရေးလုပ်ငန်းများအတွက် ဖြစ်နိုင်ခြေရှိသော အထောက်အပံ့များပေးအပ်ရန် ၎င်းဘုတ်အဖွဲ့က စဉ်းစားလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အပြုသဘော ရလဒ်ထွက်ပေါ်မည်ဟု ရှုမြင်ထားကြောင်းဖြင့် NCRPS မှ အထွေထွေအတွင်းရေးမှူး Babu Joseph က ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း အိန္ဒိယရော်ဘာ၏ ဈေးနှုန်းများမှာ ထိုင်းနိုင်ငံ ဘန်ကောက်ဈေးကွက်၌ ဖြစ်ပေါ်သော ဈေးနှုန်းများ၏အောက်သို့ ကျဆင်းမှုဖြစ်ပေါ်ခဲ့သည်။ အိန္ဒိယရော်ဘာဘုတ်အဖွဲ့၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ မှိုင်းခံရော်ဘာအဆင့်-၄ (RSS-4) ဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ဘန်ကောက်ဈေးကွက်တွင် ၂၁၇ ဒသမ ၄၃ ရူပီး နှုန်းခန့်ရှိပြီး အိန္ဒိယပြည်တွင်း၌ ၁၇၅ ရူပီးနှုန်းသာရှိကြောင်း တွေ့ရသည်။

ရော်ဘာ အဓိကထုတ်လုပ်တင်ပို့သည့် ထိုင်း၊ အင်ဒိုနီးရှားနှင့် အိုင်ဗရီကိုစ့်နိုင်ငံများတွင် ရှောင်းလိုအား ပြတ်လပ်မှုဖြစ်ပေါ်ခြင်းကြောင့် ကမ္ဘာ့ရော်ဘာဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ အရှေ့တောင်အာရှဒေသနိုင်ငံများတွင် ဆောင်းရာသီကာလကျရောက်မှုနှင့်အတူ နီဝင်ဘာ - ဒီဇင်ဘာကာလများအတွင်း ရာသီဥတု ကောင်းမွန်မှုမရှိခြင်းက ရော်ဘာထုတ်လုပ်မှုကို ကျဆင်းစေခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ပြည်ပသို့ရော်ဘာတင်ပို့ရန်ဆွဲဆောင်မှုအဖြစ် ပို့ကုန်အပေါ်အခွန်အခများ ပြန်လည်ထုတ်ပေးသည့် အစီအစဉ်အောက်တွင် သင်္ဘောပေါ်အရောက်တင်ပို့မှု FOB တန်ဖိုးအပေါ် ၁ ဒသမ ၄ ရာခိုင်နှုန်း အကျိုးခံစားခွင့်ကို ဗဟိုအစိုးရက ခွင့်ပြုပေးလျက်ရှိသည်။ အိန္ဒိယရော်ဘာဘုတ်အဖွဲ့အနေဖြင့် အိန္ဒိယသဘာဝရော်ဘာဟူသော အမှတ်တံဆိပ်ဖြင့် အရည်အသွေးကောင်းမွန်သည့် ရော်ဘာများကို ပထမဆုံးအကြိမ်အဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးလျက် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: The New Indian Express, 13 Mar 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: [https://myantrade.gov.mm/article/naypyitaw_19032024_1125](https://myantrade.gov.mm/article/naypyitaw_19032024_1125)

## ရောင်းလိုအားနည်းပါးပြီး ဝယ်လိုအားကောင်းမှုအရ ဗီယက်နမ်ကော်ဖီစေ့ ဈေးနှုန်းများမြင့်တက်

ဗီယက်နမ်နိုင်ငံတွင် ရောင်းလိုအားကျဆင်းမှုကြောင့် ၂၀၂၄ ခုနှစ် မတ်လအစောပိုင်းတွင် ကော်ဖီစေ့ ဈေးနှုန်းများမှာ ၈ ဒသမ ၉၆ ရာခိုင်နှုန်းမြင့်တက်ပြီး ကော်ဖီစေ့ တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင်ငွေ ၉၁,၂၀၀ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၀ သို့ ရောက်ရှိခဲ့သည်။ ဈေးနှုန်းအနည်းငယ်ပြန်မကျမီ ၃ ရက်ခန့်အလိုဖြစ်သော မတ်လ ၈ ရက်နေ့တွင် ကော်ဖီဈေးနှုန်းသည် ဗီယက်နမ်ဒေါင် ၉၂,၀၀၀ ဖြင့် အမြင့်ဆုံး စံချိန်တင်ရောက်ရှိခဲ့ပြီး တစ်နှစ်တာကာလအတွင်း ၂၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ Dak Lak ခရိုင်ရှိ ကော်ဖီကုန်သည်တစ်ဦးဖြစ်သူ Ms. Nguyen Hoang Yen က ၂၀၂၂-၂၃ ကော်ဖီရိတ်သိမ်းရာသီအတွင်း ဒီဇင်ဘာလကပင် ၎င်း၏ ကော်ဖီစေ့ ကုန်လက်ကျန် တစ်ဝက်မှာတင်ပို့သူများထံရောင်းချခဲ့ပြီးဖြစ်ကြောင်းနှင့် ကမ္ဘာ့ကော်ဖီစေ့ဝယ်လိုအားမြင့်တက်ပြီး အရောင်းကျဆင်းနေမှုကြောင့် ကော်ဖီစေ့ဈေးနှုန်းများမှာ မကြာမီကာလတွင် စံချိန်အသစ်သို့ ဆက်လက်မြင့်တက်လာနိုင်ကြောင်း ပြောဆိုသည်။

ကော်ဖီစေ့ ဝယ်လိုအားမြင့်မားနေမှုကြောင့် မေလတွင်တင်ပို့ရမည့် ရိုဘတ်စတာကော်ဖီ LRCc2 ကြိုတင်အရောင်းစာချုပ်ပါဈေးနှုန်းမှာ ယခုနှစ်အတွင်း ဒေါ်လာ ၂၀၀ ခန့် မြင့်တက်ခဲ့ပြီး မတ်လဒုတိယပတ်၌ တစ်တန်လျှင် ဒေါ်လာ ၃၃၈၁ နှုန်းသို့ ရောက်ရှိခဲ့ကြောင်း Dak Lak ခရိုင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ပြောကြားခဲ့သည်။ ဗီယက်နမ်ကိုကာကော်ဖီအသင်း (VICOFA) ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Do Ha Nam က ကမ္ဘာ့ကော်ဖီရောင်းလိုအားမှာ လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ရာသီကာလအတွင်း ရိတ်သိမ်းခဲ့သော ကော်ဖီ၏ ၃၀ ရာခိုင်နှုန်းမျှသာ ဈေးကွက်တွင် ဆက်လက်ကျန်ရှိကြောင်းနှင့် အသင်း၏ခန့်မှန်းချက်အရ ရာသီဥတုပြောင်းလဲမှုနှင့် တောင်သူများမှ ပိုမိုအမြတ်အစွန်းရရှိသည့် ဒူးရင်းသီးနှင့် အခြားသစ်သီးများသို့ ပြောင်းလဲစိုက်ပျိုးကြခြင်းကြောင့် ယခုနှစ်ကော်ဖီရိတ်သိမ်းမှုမှာ ၁၀ ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းနိုင်ကြောင်း ပြောကြားခဲ့သည်။

အခြားသော ကော်ဖီထုတ်လုပ်မှု အကြီးမားဆုံးနိုင်ငံများဖြစ်သည့် ဘရာဇီး၊ အင်ဒိုနီးရှားနှင့် အိန္ဒိယတို့တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ကော်ဖီစေ့ထုတ်လုပ်မှုမှာ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအကြား ကျဆင်းခဲ့သည်။ ပင်လယ်နီဒေသ၌ လုံခြုံရေးတင်းမာမှုများကြောင့် သင်္ဘောတင်ပို့ခများ မြင့်တက်မှုနှင့်အတူ ကော်ဖီဈေးနှုန်းများသည်လည်း လိုက်ပါမြင့်တက်လာကြောင်း သိရသည်။

ကော်ဖီစေ့လှော်သည့် လုပ်ငန်းအများအပြား၏ ဝယ်လိုအားမြင့်တက်သော အချိန်ကာလဖြစ်သည့် ဖွန်လအတွင်း ကမ္ဘာ့အဓိကစီးပွားရေးဖွံ့ဖြိုးတိုးတက်သောနိုင်ငံများက အတိုးနှုန်းများ ဖြတ်တောက်လျှော့ချရန် စီမံဆောင်ရွက်မှုနှင့်အတူ ကော်ဖီစေ့ဈေးနှုန်းများမှာ မကြာမီကာလအတွင်း လျော့နည်းကျဆင်းနိုင်မည့် အလားအလာမရှိကြောင်း VICOFA အသင်း၏ ပြောကြားချက်အရ သိရသည်။

ဘရာဇီးနိုင်ငံ၏နောက်တွင် ကမ္ဘာ့ဒုတိယအကြီးမားဆုံး ကော်ဖီတင်ပို့သည့် ဗီယက်နမ်နိုင်ငံ၌ ကော်ဖီထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းကျော်သည် Dak Lak ဒေသမှ ထွက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်၏ ပထမ ၄၅ ရက်အတွင်း ဗီယက်နမ်နိုင်ငံသည် တန်ဖိုးအားဖြင့် ဒေါ်လာ ၉၁၁ သန်းရှိသော ကော်ဖီတန်ချိန် ၂၈၅,၀၀၀ ခန့်ကို တင်ပို့ခဲ့ပြီး နှစ်အလိုက်တိုးတက်မှု ၆၇ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် လက်ရှိကော်ဖီစေ့ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၃,၁၀၀ ရှိသဖြင့် ယခင်နှစ်ကာလတူထက် ၄၃ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့ကြောင်းနှင့် VICOFA အသင်း၏ ခန့်မှန်းချက်အရ ကော်ဖီတင်ပို့မှုမှာ ၂၀၂၃ ခုနှစ်၌ ရရှိခဲ့သော တင်ပို့မှုတန်ဖိုး ဒေါ်လာ ၄ ဒသမ ၂၄ ဘီလီယံကို ကျော်လွန်လျက် ၂၀၂၄ ခုနှစ်အတွင်း ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံမှ ၅ ဘီလီယံအထိ စံချိန်တင်ရောက်ရှိဖွယ်ရှိကြောင်း သိရသည်။

Source: VnExpress International, March 18, 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့) Source: https://www.doca.gov.mm

Source: [https://myantrade.gov.mm/article/naypyitaw_26032024_1019](https://myantrade.gov.mm/article/naypyitaw_26032024_1019)

## တရုတ်ဈေးကွက်သို့ တင်ပို့မည့် GI ထုတ်ကုန် ၃ မျိုး ကမ္ဘောဒီးယားအစိုးရ သတ်မှတ်

ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရန်အတွက် Kampong Speu ထန်းလျက်၊ Kampot-Kep ဆားနှင့် Mondulkiri သဘာဝပျားရည်တို့ကို ပထဝီဒေသဆိုင်ရာ အညွှန်းကိန်း (GI) ထုတ်ကုန် (၃) မျိုးအဖြစ်ဖော်ထုတ်ခဲ့ပြီး၊ တရုတ်နိုင်ငံတွင် ထုတ်ကုန်များ ဈေးကွက်မြှင့်တင်ရေးအတွက် ပံ့ပိုးကူညီမှုများ ရရှိရေးဆောင်ရွက်လျက်ရှိကြောင်း Khmer Times သတင်းဌာနက ရေးသားဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်အဖွဲ့ (WIPO)မှတာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဌာနမှ ညွှန်ကြားရေးမှူးနှင့် အမျိုးသားအဆင့်မူပိုင်ခွင့်ကော်မတီ၊ အတွင်းရေးမှူးတို့ပါဝင်သည့် ညှိနှိုင်းအစည်းအဝေးကို မကြာသေးမီက ပြုလုပ်ခဲ့ရာတွင် ကမ္ဘောဒီးယားနိုင်ငံ၏ အဆိုပါ GI ထုတ်ကုန်များနှင့် တရုတ်ဈေးကွက်အတွက် အမှတ်တံဆိပ် ထုတ်ကုန်များမြှင့်တင်ရေးဆိုင်ရာ စီမံကိန်းအချက်အလက်များကို မျှဝေခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးရေးသင်တန်း ဖွင့်လှစ်ပို့ချနိုင်ရေးစီစဉ်နိုင်ရန်နှင့် အလားအလာရှိသော အရည်အသွေးမြင့်ထုတ်ကုန်များအား ရွေးချယ်ပြီး တရုတ်နိုင်ငံ၌ မှတ်ပုံတင်ခွင့်ရရှိရေးဆောင်ရွက်ခြင်း၊ အကာအကွယ်ပေးခြင်းနှင့် တရုတ်ဈေးကွက်သို့တင်ပို့ခြင်းတို့ကို ပထဝီဒေသဆိုင်ရာ အညွှန်းကိန်း (GI) အမှတ်အသားများနှင့် ကုန်စည်များဆိုင်ရာအသင်း သို့မဟုတ် စုပေါင်းကုန်အမှတ်တံဆိပ်များဆိုင်ရာအသင်း သို့မဟုတ် ကုန်ထုတ်လုပ်သူများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်

ရန် ရည်ရွယ်လျက် အဆိုပါအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။ အစည်းအဝေးတွင် ကုန်ပစ္စည်းဂုဏ်သတင်းနှင့် e-commerce စနစ်ဖြင့် ဈေးကွက်မြှင့်တင်ရေး နည်းလမ်းများအပြင် တရုတ်နိုင်ငံရှိ နိုင်ငံတကာပြပွဲများတွင် ပါဝင်ဆောင်ရွက်မည့်နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ GI ထုတ်ကုန် ၇ ခုနှင့် စုပေါင်းအမှတ်တံဆိပ် ၈ ခုရှိပါကြောင်း၊ တရုတ်ဈေးကွက်သို့တင်ပို့ရန် အလားအလာရှိသည့် ထုတ်ကုန် ၃ မျိုးမှာ Kampong Speu ထန်းလျက်၊ Kampot-Kep ဆားနှင့် Mondulkiri တောပျားရည်တို့ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဥာဏမူပိုင်ခွင့် ဒါရိုက်တာ Mr. Soun Vichea က ပြောကြားခဲ့သည်။

စီမံကိန်းအောင်မြင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်စဉ်ကာလအတွင်း ရှင်းလင်းလွယ်ကူသော သဘောတရားစာတမ်းတစ်ရပ်ကို ပြင်ဆင်ပေးရန် WIPO အား ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တိုက်တွန်းခဲ့ကြောင်း၊ လက်ရှိတွင် Kampot ငရုတ်ကောင်း၊ Kampong Speu ထန်းလျက်၊ Koh Trong ကျွဲကောနှင့် Mondulkiri တောပျားရည်စသည့် GI ထုတ်ကုန် အနည်းငယ်မျှကိုသာ သတ်မှတ်ထုတ်ပြန်ထားနိုင်ကြောင်း၊ ၎င်းတို့အနက် Kampot ငရုတ်ကောင်းနှင့် Kampong Speu ထန်းလျက် ထွက်ကုန်များသာ ဥရောပဈေးကွက်တွင် GI ထုတ်ကုန်များအဖြစ် နိုင်ငံတကာအဆင့် စာရင်းဝင်ဖြစ်ကြောင်း သိရသည်။

Source: Khmer Times, 15 March 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့) Source: https://www.doca.gov.mm

Source: [https://myantrade.gov.mm/article/naypyitaw_26032024_1001](https://myantrade.gov.mm/article/naypyitaw_26032024_1001)

## တရုတ်နိုင်ငံတွင် Luckin Coffee သည် Starbucks ၏ နှစ်စဉ်ရောင်းအားထက် သာလွန်သွားခဲ့

တရုတ်နိုင်ငံ၏ ပြည်တွင်းကော်ဖီဆိုင်လုပ်ငန်းတစ်ခုဖြစ်သည့် Luckin Coffee သည် ယခင်နှစ်တွင် Starbucks ၏ နှစ်စဉ်ရောင်းအားကို ကျော်လွန်ကာ တရုတ်ဈေးကွက်တွင် ပထမဆုံးအကြိမ် ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့ကြောင်း Securities Daily က ပြောကြားခဲ့သည်ဟု သိရသည်။

Luckin ၏ ဘဏ္ဍာရေးအစီရင်ခံစာအရ ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်တွင် စုစုပေါင်းအသားတင်ဝင်ငွေ ယွမ် ၂၄ ဒသမ ၉ ဘီလီယံ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၆ ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ်က ထက် ၈၇ ဒသမ ၃ ရာခိုင်နှုန်းတိုးလာကြောင်း၊ GAAP စာရင်းအင်းစည်းမျဉ်းများကို အခြေခံ၍ တွက်ချက်မှုအရ ၎င်း၏လုပ်ငန်းလည်ပတ်အမြတ်ငွေသည် ယွမ် ၃ ဒသမ ၀၃ ဘီလီယံ ရှိပြီး ၂၀၂၂ ခုနှစ်ထက် နှစ်ဆပိုများလာကြောင်း သိရှိရသည်။

တရုတ်ဈေးကွက်တွင် Luckin ၏ နှစ်စဉ်ရောင်းအားသည် ၂၀၂၃ ခုနှစ်တွင် ယွမ် ၂၄ ဒသမ ၈၆ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း၊ တရုတ်တွင် ကော်ဖီသောက်သုံးသူ သိသိသာသာများပြားလာပြီး ကော်ဖီသည် အဓိကစားသောက်ကုန်ဖြစ်လာခြင်းကြောင့် Luckin သည် တရုတ်ဈေးကွက်တွင် အကြီးဆုံး ကော်ဖီဆိုင်ခွဲ ဖြစ်လာကြောင်း China General Chamber of Commerce ၏ ကျွမ်းကျင်ပညာရှင်ကော်မတီအဖွဲ့ဝင် Lai Yang က ပြောကြားခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက်သည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာပြီး အမှတ်တံဆိပ်မျိုးစုံ ပိုမိုဝင်ရောက်လာခြင်းကြောင့် နိုင်ငံ၏ဈေးကွက်တွင် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာမည်ဖြစ်ကြောင်း Luckin Coffee ၏ ဥက္ကဋ္ဌနှင့် CEO ဖြစ်သူ Guo Jinyi က ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၃ နှစ်ကုန်တွင် Luckin ၏ ကော်ဖီဆိုင်အရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် ၉၇ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ကိုယ်ပိုင်ကော်ဖီဆိုင် ၁၀,၆၂၈ ဆိုင်နှင့် မိတ်ဖက်ကော်ဖီဆိုင်ပေါင်း ၅,၆၂၀ အပါအဝင် ကော်ဖီဆိုင်ပေါင်း ၁၆,၂၄၈ ထိရှိလာခဲ့ကြောင်း သိရသည်။

Luckin ၏ ပြိုင်ဘက်များအနက်မှ တစ်ခုဖြစ်သော Cotti Coffee သည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နိုင်ငံတစ်ဝှမ်းတွင် ၎င်း၏ ကော်ဖီဆိုင်အရေအတွက်သည် ၇,၀၀၀ သို့ ရောက်ရှိခဲ့သည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

တရုတ်ပြည်တွင်း၌ ကော်ဖီဆိုင် စုစုပေါင်း ၅၀,၀၀၀ ကျော်ရှိလာရာ ကမ္ဘာပေါ်တွင် အများဆုံးဖြစ်လာသည်ဟု ကမ္ဘာလုံးဆိုင်ရာကော်ဖီဈေးကွက်ရှာဖွေရေးကုမ္ပဏီ Allegra World Coffee Portal မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရသည်။

ဈေးကွက်သစ်များနှင့် ပြည်ပဈေးကွက်များသည် Luckin ၏ ဦးတည်ချက်အသစ် ဖြစ်လာကြောင်း၊ ၂၀၂၃ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ Luckin ၏ ကော်ဖီဆိုင်အရေအတွက် ၃၀ ရှိနေပြီဖြစ်ပြီး အနာဂတ်တွင် Luckin သည် နိုင်ငံရပ်ခြားဈေးကွက်များတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ကုမ္ပဏီ၏ ၂၀၂၃ ခုနှစ် တတိယသုံးလပတ်ရလဒ်များ အစည်းအဝေးတွင် Guo Jinyi က ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက်တွင် ပြိုင်ဆိုင်မှုပြင်းထန်လာခြင်းကြောင့် Luckin သည် အဆင့်မြင့်မြို့ကြီးများရှိ ကော်ဖီဆိုင်အရေအတွက်ကို ဆက်လက်တိုးမြှင့်ကာ ဈေးကွက်ဝေစုကို ပိုမိုချဲ့ထွင်ရန်အတွက် မိတ်ဖက်ပုံစံဖြင့် ဈေးကွက်ချဲ့ထွင်မှုကို အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း Guo က ပြောကြားခဲ့သည်။

ရေရှည်တွင် နိုင်ငံ၏ကော်ဖီဈေးကွက်သည် ပိုမိုကျယ်ပြန့်လာမည်ဖြစ်သော်လည်း ရေတိုတွင် ဈေးနှုန်းယှဉ်ပြိုင်မှုများ ဆက်လက်ဖြစ်ပေါ်နေမည့်အပြင် ကော်ဖီဆိုင်အများအပြားပေါ်ပေါက်လာသဖြင့် လက်ရှိဈေးကွက်တွင် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာမည်ဟု Lai က ပြောကြားခဲ့သည်။

ထို့ပြင် အချို့သော ကော်ဖီအမှတ်တံဆိပ်များသည် လက်ရှိဈေးကွက်တွင် ပုံမှန်ဖောက်သည်များ မရရှိသေးသည့်အပြင် အမှတ်တံဆိပ်အသစ်အမြောက်အမြား ပေါ်ပေါက်လာခြင်းသည် စားသုံးသူများကို ပိုမိုပြောင်းလဲစေမည်ဟု Lai က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက်သည် အရှိန်အဟုန်ဖြင့် တိုးတက်နေပြီး ကော်ဖီဆိုင်အရေအတွက်သည် အမေရိကန်နိုင်ငံထက်ပင် များပြားလာကြောင်း လေ့လာသိရှိရသဖြင့် မြန်မာ့ကော်ဖီစေ့များကို တရုတ်နိုင်ငံရှိ ကော်ဖီဆိုင်လုပ်ငန်းများသို့ တင်ပို့ရောင်းချနိုင်ပါက ကော်ဖီစိုက်တောင်သူများအတွက် ရေရှည်အကျိုးရှိမည့် ဈေးကွက်အခွင့်အလမ်းတစ်ခုဖြစ်ပါကြောင်း သုံးသပ်ရသည်။ Source: https://www.chinadaily.com.cn/a/202402/26/WS65dc4065a31082fc043b91e3.html
(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_180320240135

## ကမ္ဘောဒီးယားမှ ထိုင်းသို့ သရက်သီးတင်ပို့မှု စတင်

ကမ္ဘောဒီးယားလယ်သမားများ၏ လတ်ဆတ်သောသရက်သီးများကို ထိုင်းနိုင်ငံသို့ တစ်ရက်လျှင် တန်ချိန် ၁၅၀ မှ ၂၀၀ အကြား တင်ပို့နေကြောင်း ကမ္ဘောဒီးယားနိုင်ငံ Battambang ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူ Heng Sith က ၂၀၂၄ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ အဆိုပါသတင်းသည် ပုံမှန်အစီရင်ခံတင်ပြသော ပို့ကုန်ဆိပ်ကမ်းမှ ကျွမ်းကျင်အရာရှိတစ်ဦး၏ ပြောကြားချက်အရဖြစ်ကြောင်းသိရသည်။

Kamrieng အပြည်ပြည်ဆိုင်ရာ နယ်စပ်စစ်ဆေးရေးဂိတ်သည် ထိုင်းနိုင်ငံသို့ သရက်သီးတင်ပို့မှုအတွက် အဓိကတံခါးပေါက်အဖြစ် ရပ်တည်လျက်ရှိသည်။ အဆိုပါဂိတ်မှ ဖြတ်သန်းတင်ပို့ရာတွင် လတ်ဆတ်သော သရက်သီးအားလုံးသည် ထိုင်းနိုင်ငံရှိ ဝယ်လက်ကုမ္ပဏီများမှ သတ်မှတ်ထားသည့်တင်းကြပ်သော ဝယ်ယူရေးစံနှုန်းများနှင့်ကိုက်ညီကြောင်း သေချာစေရန်အတွက် စနစ်ကျသောနည်းလမ်းတစ်ရပ်ကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါစံနှုန်းများတွင် ကောင်းမွန်သောအစားအသောက် သန့်ရှင်းမှုအလေ့အကျင့်များ၊ သရက်သီးအစေး အစွန်းအထင်းမရှိခြင်းနှင့် အထူးပြုထုပ်ပိုးခြင်းကဲ့သို့သော တင်းကျပ်သော အရည်အသွေးထိန်းချုပ်မှုအစီအမံများ ပါဝင်သည်။ သို့ရာတွင် ထုတ်ကုန်အားလုံးသည် အဆိုပါ စံနှုန်းများနှင့်မကိုက်ညီဘဲ စံနှုန်းများအောက် လျော့နည်းသွားသော ထုတ်ကုန်များသည် ငြင်းပယ်ခံရပြီး တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏ ဈေးကွက်အသိပညာနည်းပါးမှုကြောင့် ငွေကြေးဆုံးရှုံးမှုများ ရံဖန်ရံခါဖြစ်ပေါ်လျက်ရှိသည်။

Battambang ခရိုင်တွင် လတ်ဆတ်သောသရက်သီး စိုက်ခင်း ၁၆,၀၇၉ ဟက်တာရှိပြီး ဟက်တာ ၁၄,၃၄၀ ဆွတ်ခူးပြီးတစ်ဟက်တာလျှင် ပျမ်းမျှအထွက်နှုန်း ၂၁ တန်နှင့် ၇၀၀ ကီလိုဂရမ် ထွက်ရှိကြောင်း Sith ၏ ပြောကြားချက်အရ သိရသည်။ သရက်သီးသည် အခြားလယ်ယာထွက်ကုန်များနှင့်မတူဘဲ စိုက်ပျိုးချိန်ပိုမိုရှည်လျားပြီး ဝယ်သူများကို အမြဲတစေဆွဲဆောင်နေ

ကြောင်း၊ ဈေးကွက်လှုပ်ရှားမှုကို အလုံးစုံနားလည်မှုမရှိဘဲ သီးနှံများအချိန်မတန်မီ ပျက်စီးခြင်းမှကာကွယ်ရန် တောင်သူလယ်သမားများအတွက် ဈေးကွက်အသိပညာပေးခြင်းမှာ အရေးကြီးကြောင်း Sith က အလေးပေးပြောကြားခဲ့သည်။

Rattanak Mondul ခရိုင်တွင် တရုတ်ကုမ္ပဏီတစ်ခုမှ အကြီးစားသရက်သီးထုတ်လုပ်ရေးစက်အား စတင်တည်ထောင်နေပြီဖြစ်ပြီး Battambang ခရိုင်တွင် သရက်သီးထုတ်လုပ်မည့် အလားအလာကိုဖော်ပြနေသည်။ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုသည် တောင်သူလယ်သမားများ၏ ထွက်ကုန်များအတွက် တည်ငြိမ်သောဈေးကွက်ရရှိစေခြင်းဖြင့် ဒေသတွင်းသရက်သီးလုပ်ငန်းကို သိသိသာသာမြင့်တင်နိုင်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

Source: **Khmer Times, 18 March 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့),**

**Source: https://www.doca.gov.mm**

Source:https://myantrade.gov.mm/article/naypyitaw_26032024_958

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ရန် အိန္ဒိယအစိုးရကကုန်သည်များထံမှ ကြက်သွန်နီ ၁၆၅၀ တန် ဝယ်ယူခဲ့

အိန္ဒိယနိုင်ငံ၏ပို့ကုန်အဖွဲ့အစည်းဖြစ်သော အမျိုးသားပို့ကုန်သမဝါယမလီမိတက် National Cooperative Export Ltd – NCEL သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီတင်ပို့ရန်အတွက် ပုဂ္ဂလိကကုန်သည်များထံမှ တစ်ကီလိုလျှင် အိန္ဒိယရူပီး ၂၉ ဖြင့် တန်ချိန် ၁၆၅၀ ဝယ်ယူမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံက မီးဖိုချောင်သုံးပစ္စည်းများကို ဒီဇင်ဘာလ ၈ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ တင်ပို့ခြင်းမပြုရန် တားမြစ်မှုများအပြီး ယခုအကြိမ်သည် ၃ လအတွင်း ပထမဆုံးမီးဖိုချောင်သုံးပစ္စည်း တရားဝင်တင်ပို့မှုဖြစ်လာနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံသည် ပြည်တွင်းကုန်ဈေးနှုန်းမြင့်တက်မှုကိုလျှော့ချရန် ကြက်သွန်နီတင်ပို့မှုကိုပိတ်ပင်ခဲ့ရာ ပြည်တွင်း၌ ကုန်ဈေးနှုန်း ကျဆင်းခဲ့ပြီး တစ်ကမ္ဘာလုံး၌ အိန္ဒိယကြက်သွန်နီများမရရှိခြင်းကြောင့် ကုန်စည်များပြတ်လပ်ပြီး ကုန်ဈေးနှုန်းများ သိသိသာသာမြင့်တက်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ၏ အမြဲတမ်းဖောက်သည်များဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ရမ်ဇာန်ရာသီ Ramadan season ဖြစ်သောကြောင့် ဝယ်လိုအားအထွတ်အထိပ်သို့ ရောက်ရှိနေပါကြောင်း၊ ပို့ကုန်တင်ပို့ခြင်းမှ ပိတ်ပင်ထားသည့် နောက်ပိုင်းပုံမှန်အချိန်များ၌ ကုန်သွယ်မှု၏ ၅၀ ရာခိုင်နှုန်းကျော်ရှိ ကြက်သွန်နီ အမြောက်အမြားကို ပြည်ပသို့တရားမဝင်တင်ပို့နေကြောင်း ပို့ကုန်လုပ်ငန်းရှင်များက အမျိုးသားပို့ကုန်သမဝါယမလီမိတက်သို့ စာဖြင့် အကြောင်းကြားထားသည်။

လက်ရှိတွင် မဟာရက်ရှထရာလက်ကားဈေး၌ ကြက်သွန်နီပေါက်ဈေးသည် တစ်ကီလိုလျှင် ရူပီး ၇ မှ ၁၆ ထိရှိပြီး နွေဦးရာသီ၌ ရိတ်သိမ်းမည့် ကြက်သွန်နီများကြောင့် ဈေးနှုန်းပိုမိုလျော့ကျနိုင်သည်။ အမျိုးသားပို့ကုန် သမဝါယမလီမိတက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောင်းချမည့် ကြက်သွန်နီဈေးနှုန်းကို မသိသော်လည်း လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ကီလိုလျှင် ရူပီး ၈၀ မှ ၉၀ အတွင်း ရောင်းချနေသောကြောင့် သမဝါယမအသင်းအနေဖြင့် အမြတ်အစွန်းများစွာရရှိနိုင်ကြောင်း အတွင်းလူများက ပြောကြားခဲ့သည်။

ဇန်နဝါရီလမှ မတ်လအတွင်း ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယနိုင်ငံက အသာစီးရနေပြီး မေလ၌ အီဂျစ်နှင့် တူရကီနိုင်ငံတို့မှ သီးနှံအသစ်များစတင်ပါက ကမ္ဘာတစ်ဝန်း ကြက်သွန်နီပြတ်လပ်မှုသည်ကုန်ဆုံးမည်ဟု သစ်သီးဝလံပန်းမန် ပို့ကုန်မြှင့်တင်ရေးကောင်စီ (HEPA) ၏ ဥက္ကဋ္ဌ Ajit Shah က ပြောကြားခဲ့သည်။

Source: https://economictimes.indiatimes.com, Source: https://commerce.gov.mm

https://myantrade.gov.mm/article/naypyitaw_28032024_1010

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ်အခမ်းအနားသို့ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြား

၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈:၃၀ နာရီအချိန်တွင် နေပြည်တော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် ၅၂ ၌ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်

ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက် အမှာစကားပြောကြားသည်။ အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ World Consumer Rights Day အထိမ်းအမှတ် အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် စားသုံးသူရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသော ပြခန်းအား ကြည့်ရှုအားပေးကြသည်။ ထို့နောက် အစည်းအဝေးခန်းမ ၁ ၌ အခမ်းအနားအစီအစဉ်များကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် အတွင်းရေးမှူးကိုယ်စား စားသုံးသူရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် စားသုံးသူကာကွယ်ရေး အသိပညာပေး ရုပ်သံမှတ်တမ်း၊ စားသုံးသူတိုင်ကြားမှုအပေါ် စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းသရုပ်ဖော် အစီအစဉ်တင်ဆက်မှုနှင့် စားသုံးသူရေးရာဦးစီးဌာန အထိမ်းအမှတ်တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့စားသုံးသူအခွင့်အရေးများ နေ့အထိမ်းအမှတ်ကျင်းပပြုလုပ်သော ဆောင်းပါးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများကို အသီးသီးဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြပြီး သီဆိုဖျော်ဖြေတင်ဆက်သူများကို အမှတ်တရလက်ဆောင်များပေးအပ်ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။ Source:[https://www.commerce.gov.mm/my/article/](https://www.commerce.gov.mm/my/article/)

## မြန်မာ့ရော်ဘာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၁ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် "ရော်ဘာအရည်အသွေးမြှင့်တင်ခြင်းနှင့် ရော်ဘာလုပ်ငန်းများအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်းစီမံကိန်း" အစီအစဉ်အရ "မြန်မာ့ရော်ဘာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ" ကို ၂၀၂၄ ခုနှစ် မတ်လ ၁၅ ရက်နေ့ နံနက် ၉:၀၀ နာရီအချိန်၌ ရန်ကုန်မြို့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နှော်မူတာကပေါနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် ရော်ဘာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ စုစုပေါင်း ၃၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နှော်မူတာကပေါနှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing တို့က အဖွင့်အမှာစကား အသီးသီး ပြောကြားခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်ကို နံနက် ၉ နာရီအချိန်တွင် စတင်ဆောင်ရွက်ခဲ့ရာ မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ၊ ဦးအောင်မြင့်ထူးကလည်းကောင်း၊ မြန်မာ့သဘာဝရော်ဘာ ရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်းဥက္ကဋ္ဌ၊ ဒေါက်တာယုစိန်က နိုင်ငံတကာရော်ဘာဈေးကွက်သို့ စံသတ်မှတ်ချက်များဖြင့် ချဉ်းကပ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်စင်က မြန်မာ့သဘာဝရော်ဘာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အရည်အသွေးဆိုင်ရာ စမ်းသပ်စစ်ဆေးခြင်းနှင့် ထောက်ခံချက်ထုတ်ပေးခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာလူမှုစီးပွားအဖွဲ့ (CESD) က ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် Cess Fund အတွေ့အကြုံများ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ နေ့လယ်ပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာတွင် မြန်မာလူမှုစီးပွားအဖွဲ့မှ အမှုဆောင်ညွှန်ကြားရေးမှူး၊ ဒေါက်တာဇော်ဦးက ဦးဆောင်သူအဖြစ်ဆောင်ရွက်ပြီး အနာဂတ်ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်ကို ညနေ ၄ နာရီ ၃၀ မိနစ်အချိန်တွင် ရုပ်သိမ်းခဲ့သည်။

Source: https://myantrade.gov.mm/article/Nay%20Pyi%20Taw%20STP_15.2.2024%203:20%20PM

## Coconut Project ၏ ဒုတိယအကြိမ် စီမံကိန်းကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အက်ခ်ကမက်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ရောဝတီတိုင်းဒေသကြီးတွင် အလားအလာ ရှိသောထုတ်ကုန် အုန်းသီးတန်ဖိုးကွင်းဆက်တစ်လျှောက်အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း စီမံကိန်း၏ ဒုတိယအကြိမ် စီမံကိန်းကြီး ကြပ်မှုကော်မတီအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ ၁၅:၀၀ နာရီအချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပခဲ့သည်။ အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေး မှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် စီမံကိန်းဆိုင်ရာတာဝန်ရှိသူများ၊ စီမံကိန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါ်က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စများ နှင့်စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်မည့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ စာရင်းတွင် အုန်းသီးနှင့် ထုတ်ကုန်များကိုထည့်သွင်း၍ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းစီမံချက်များတွင်လည်း ထည့်သွင်းထားကြောင်း၊ အုန်းချိုမွှေးကို အရေအတွက်များစွာ စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ အုန်းသီးအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းလက်မှတ် Good Agricultural Practices – GAP ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်ဈေးကွက်သို့ အုန်းချိုမွှေးတင်ပို့နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) မှတ်ပုံတင်စာရင်းတွင် ပါရှိနိုင်ရေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၇:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

Source: https://myantrade.gov.mm/event/Nay%20Pyi%20Taw%20STP_21-3-2024%2018:25%20PM

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ဧကပေါင်း လေးသိန်းခန့်ရှိ ရော်ဘာစိုက်သူများအနေဖြင့် ပြည်တွင်းဈေးကွက်များတွင်သာ တင်ပို့နေရဟုဆို

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ဧကပေါင်း လေးသိန်းခန့်ရှိပြီး ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင် တို့တွင် ရော်ဘာပင်များကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြရာ မြိတ်ခရိုင်တစ်ခုတည်းတွင် ရော်ဘာစိုက်ဧက ၁၄၈,၅၁၂ ရှိကြောင်း နှင့် နှစ်စဉ်ရော်ဘာခြစ်ရာသီရောက်တိုင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာများကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သူများသော်လည်း ရော်ဘာစိုက်ပျိုးသူများအနေဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိသေးသည့်အတွက် ပြည်တွင်းဈေးကွက်များတွင်သာ တင်ပို့ရောင်းချနေရကြောင်း တောင်သူများက ပြောကြားသည်။

"အခုလက်ရှိမှာတော့ ဈေးကွက်ပုံမှန်မရှိသေးတာ၊ ပြည်ပဈေးကွက်မရှိသေးတာ၊ တင်ပို့လို့မရသေးတာတွေတော့ရှိတယ်။ ကုန်သည်ကြီးတွေ၊ ပြန်ဝယ်ရောင်းတွေအနေနဲ့ သူတို့လမ်းကြောင်းနဲ့သူတို့ တရုတ်တို့ မလေးရှားတို့ကို ပို့တာမျိုးရှိတယ်။ နောက်ပြီး ငွေလဲနှုန်းဖြစ်တဲ့ ၆၅ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်းနှင့် ရော်ဘာခြံအတွက် အသုံးပြုရမဲ့ ပစ္စည်းတွေ ပြန်ဝယ်ရမယ်ဆိုတဲ့ စည်းကမ်းချက်၊ အဲဒါတွေက ရော်ဘာစိုက်တောင်သူတွေအတွက် အခက်အခဲတော့ဖြစ်စေတယ်။ ရော်ဘာကို နောက်ပိုင်းအော်ဂဲနစ်စိုက်ပျိုးမှုဘက်ကို သွားနေတယ်။ အဲဒီဓာတ်မြေဩဇာတွေ ပလတ်စတစ်ပစ္စည်းတွေက အသုံးပြုမှုနည်းလာတယ်။ အဲဒီပစ္စည်းတွေပြန်ဝယ်ရမယ်ဆိုတဲ့ စည်းကမ်းချက်တွေကြောင့် ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေက ခြံတွေထဲမှာပုံနေတာ၊ ဈေးကွက်လည်းမငြိမ်တော့ ရော်ဘာလုပ်ငန်းလုပ်ကိုင်ရတာလည်း အခက်အခဲတော့ရှိလာတယ်"ဟု မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာမှ ရော်ဘာစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

ရော်ဘာစိုက်ပျိုးသူများအနေဖြင့် မြိတ်မြို့ရှိ ရော်ဘာဒိုင်များတွင် ရော်ဘာတစ်ပိဿာကျပ် ၆,၀၀၀ ဈေး သာရရှိကြောင်း ပုံမှန်ဝယ်သည့်အနေထားလည်းမရှိသည့်အတွက် ဈေးကွက်ခိုင်မာမှုမရှိခြင်းမျိုး ကြုံတွေ့နေရသည်ဟု ဆိုသည်။

"ရော်ဘာထွက်တဲ့ အချိန်အခါဖြစ်တဲ့အတွက် တောင်သူများအဖို့ ဒီလိုအချိန်မျိုးမှာ ငွေပေါ်အောင် ရုန်းကန်ကြရတယ်။ ဒီဘက်မှာက မိုးရာသီဝင်ရောက်တာစောတဲ့အတွက် သင်္ကြန်ကာလအပြီးမှာ ရော်ဘာပြားတွေထွက်သလောက် လုပ်ထားဖို့လိုတယ်။ အခုဖြစ်နေတဲ့ဈေးကွက်အရ ကျွန်တော်တို့ ထိုင်းကို လုံးဝတင်ပို့လို့မရဘူး၊ ကော့သောင်းဘက်မှာလည်း ကျပ် ၄,၀၀၀ လောက်ပဲဈေးရှိတယ်။ ထိုင်းနိုင်ငံဘက်မှာ တစ်ကီလိုကို ငွေကျပ် ၈,၀၀၀ လောက်အထိ ဈေးရှိတယ်။ ဒါပေမဲ့ ရော်ဘာစိုက်တောင်သူတွေ တင်ပို့လို့မရဘူး။ ထိုင်းက သူတို့လိုအပ်ချက်ရှိလာရင်ဝယ်တယ်။ အခု ကျွန်တော်တို့ ပြည်တွင်းဈေးကွက် ဖြစ်တဲ့ မုဒုံမြို့နယ်ဘက်မှာ သွားရောင်းနေရတယ်"ဟု မြိတ်မြို့နယ်မှ ရော်ဘာစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

ရော်ဘာစိုက်ပျိုးသူများအနေဖြင့် လာမည့် ၂၀၃၀ တွင် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စိုက်ပျိုးနည်းများ၊ ကျား/ မ တန်းတူအလုပ်အကိုင်အခွင့်အလမ်းလုပ်ဆောင်ထားမှု၊ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် စိုက်ပျိုးထားမှုစသည့် အချက်အလက်များအပါအဝင် တခြားသတ်မှတ်ချက်များကို လိုက်နာနိုင်ပါမှ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း တောင်သူများက ဆိုသည်။ Source: မြန်မာ့အလင်းသတင်းစာ

## ပြည်ပကုန်သွယ်မှုသတင်း

### အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ စီပွားရေးသံမှူးနှင့် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့တွေ့ဆုံ

အင်ဒိုနီးရှားနိုင်ငံဆိုင်ရာစီးပွားရေးသံမှူး Mr. Arvinanto Soeriaatmadja နှင့် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် မတ်လ ၂၂ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ပုသိမ်စက်မှုစီမံကိန်း အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံဆိုင်ရာစီးပွားရေးသံမှူးက အင်ဒိုနီးရှားနိုင်ငံ၏ ဆန်လိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် ဆန်တင်သွင်းလိုပြီး ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စပါးလုပ်ငန်းအပြင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြားစီးပွားရေးလုပ်ငန်းများတွင်လည်း အင်ဒိုနီးရှားနိုင်ငံရှိ ကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ၎င်းအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးတွင် လာမည့်ဇွန်လ၌ ကျင်းပမည့်ကုန်စည်ပြပွဲသို့ပါဝင် တက်ရောက်ပါရန် ဖိတ်ကြားကြောင်း ဆွေးနွေးပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးရာတွင် ဆန်စပါးလုပ်ငန်းနှင့် ရေချို၊ ရေငန်ငါး၊ ပုစွန် စိုက်ပျိုးမွေးမြူ ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းများအတွက် နည်းပညာနှင့်အရင်းအနှီးများလိုအပ်ပါကြောင်း၊ Contract Farming ပုံစံဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ လက်ရှိထွက်ရှိနေသော ဆန်စပါး၊ ပဲ၊ ပြောင်း သီးနှံများကိုလည်း ဧရာဝတီတိုင်းဒေသကြီးမှ အင်ဒိုနီးရှားနိုင်ငံသို့ တိုက်ရိုက်တင်ပို့လိုကြောင်းနှင့် တိုက်ရိုက်တင်ပို့နိုင်ရန်အခွင့်အလမ်းများလည်း ရှိနေပြီဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရှေ့ဝတီတိုင်းဒေသကြီးဦးစီးမှုးက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကလွှင့်တင်ထားသည့် Digital e-commerce platform နှင့်ပတ်သက်၍ နှစ်နိုင်ငံ exporters နှင့် Buyers များတိုက်ရိုက်ချိတ်ဆက်နိုင်ရန် email ဖြင့်ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။ source: ရှေ့ဝတီတိုင်းဒေသကြီးဦးစီးမှုးရုံး

Source: https://myantrade.gov.mm/article/naypyitaw_21032024_200

## မြန်မာ့သနပ်ခါးကို အသင့်လိမ်းအဆင့်ပြုလုပ်ကာ အာဆီယံနိုင်ငံများသို့ တင်ပို့မည်

မြန်မာ့သနပ်ခါးကို အသင့်လိမ်းနိုင်သည့် ကုန်ချောအဆင့်အထိပြုလုပ်ပြီး အာဆီယံနိုင်ငံများသို့တင်ပို့ရန် စီစဉ်နေကြောင်း မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှ သိရသည်။

အဆိုပါ အချောထည်ပြုလုပ်ပြီး သနပ်ခါးများကို ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှားစသည့် အာဆီယံနိုင်ငံများသို့ တင်ပို့နိုင်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့သနပ်ခါးသည် ပြည်တွင်းဈေးကွက်၌ ရောင်းအားပုံမှန်ရှိနေပြီး ပြည်ပဈေးကွက်သို့ တင်ပို့မည်ဆိုပါက အကြမ်းထည်အဖြစ် တင်ပို့၍မရသည့်အတွက် အသင့်လိမ်းနိုင်သည့်အဆင့်အထိ အချောထည်ထုတ်လုပ်ကာ ခရင်(မ်) ပုံစံမျိုး ပြုလုပ်၍ တင်ပို့မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့သနပ်ခါးကို ယူနက်စကို အသိအမှတ်ပြုဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။

သနပ်ခါးပင်များသည် ခြောက်နှစ်မှ ခုနစ်နှစ်အတွင်း ဈေးကွက်၌ စတင်ရောင်းတန်းဝင်ဝင်ရောက်ပြီး အရည်အသွေး အကောင်းဆုံး သနပ်ခါးတစ်ပင် ရရှိရန် သက်တမ်း ၃၅ နှစ်ကြာမြင့်ကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=151865

## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်နှင့်လယ်ယာစိုက်ပျိုးရေးထွက်ကုန်များတင်ပို့ရာတွင် ကုန်သွယ်မှုတိုးတက်ရေးနှင့်လျင်မြန်ချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်နှင့်လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များတင်ပို့ရာတွင် ကုန်သွယ်မှုတိုးတက်ရေးနှင့်လျင်မြန်ချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါ ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၊ နေ့လယ် ၂ နာရီအချိန်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အစည်းအဝေးခန်းမ ရုံးအမှတ် ၃ ၌ In Person/ Virtual ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

ညှိနှိုင်းအစည်းအဝေးပွဲသို့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ မြန်မာစီးပွားရေးသံမှူး၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌနှင့်အတူ ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၄ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က ပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း စီးပွားဖြစ် စိုက်ပျိုးဖြစ်ထွန်းပြီးတရုတ်နိုင်ငံမှ ဝယ်ယူလိုသော လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) စာရင်းတွင်ပါရှိပြီး ကုန်သွယ်မှုတိုးတက်ရေးနှင့် လျင်မြန်ချောမွေ့စွာတင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်သက်ဆိုင်ရာ အသင်းအဖွဲ့မှ တာဝန်ရှိသူများပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်နိုင်ရန် အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်လျာထားချက်ပြည့်မီရန် မြန်မာ့လယ်ယာထွက်ကုန်များအတွက် အရေးပါသည့် တရုတ်နိုင်ငံ၏ဈေးကွက်အတွင်းသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ မြန်မာ့လယ်ယာထွက်ကုန်များကို GACC မှတ်ပုံတင်စာရင်းတွင် ပါရှိနိုင်ရေးအတွက် ထိထိရောက်ရောက် ဆွေးနွေးကြစေလိုကြောင်း၊ အသင်းအဖွဲ့များမှ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပွင့်လင်းစွာညှိနှိုင်းဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက်အစည်းအဝေးတက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ စီးပွားရေးသံမှူးနှင့်အသင်းအဖွဲ့များမှတက်ရောက်လာကြသူများက GACC တွင် မှတ်ပုံတင်ရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး၊ ကုန်သွယ်မှုပမာဏ တိုးတက်စေရေးကိစ္စများအား ပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ညနေ ၃ နာရီ ၂၅ မိနစ်အချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ

Source: https://myantrade.gov.mm/article/Naypyitaw_2232024_1635

## တရုတ်နိုင်ငံဈေးကွက်ဝယ်လိုအားရှိနေသည့် မြန်မာ့ ကွမ်းသီးနုပေါင်း

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများတွင် "ကွမ်းသီး" စိုက်ပျိုးရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ "ကွမ်းသီး" ဟု ဆိုလျှင် ယခင်နှစ်ပေါင်းများစွာက အရောင်းအဝယ်ပြုလုပ်ရာတွင် ကွမ်းသီးအမှည့်အရင့်ကိုသာ ရောင်းဝယ်ဖောက်ကားခဲ့ကြသည်။ ယခုအခါတွင် ဈေးကွက်ဝယ်လိုအားရှိသော ကွမ်းသီးနုများလည်း အရောင်းအဝယ်ဖြစ်ထွန်းခဲ့၍ ကွမ်းသီးစိုက် တောင်သူများအတွက် များစွာအထောက်အကူ ဖြစ်ခဲ့သည်။

ကွမ်းသီးပင်သည် ပင်လယ်ရေမျက်နှာပြင်နှင့် မိုင် ၂၀၀ ခန့်ဝန်းကျင်အတွင်း၊ အမြင့်ပေ ၃၀၀၀ အောက်ရှိသော ရေပေါ်များ၍ ရေမဝပ်သောနေရာများတွင် အထူးဖြစ်ထွန်းသည်။ နုံးမြေသည် ကွမ်းသီးစိုက်ပျိုးရန် အထူးသင့်လျော်ပြီး မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်အစရှိသော ဒေသများတွင် အများအပြား စိုက်ပျိုးကြသည်။

အရောင်းအဝယ်ပြုလုပ်ရာတွင်ကွမ်းသီးခြောက်တစ်ပိဿာနှင့် ကွမ်းသီးနုတစ်ပိဿာဝယ်ယူဈေးနှုန်း တူညီသော်လည်း ကွမ်းသီးခြောက် အခွံချွတ် တစ်ပိဿာတွင် ကွမ်းသီးလုံး ၂၂၀ ခန့်နှင့် ကွမ်းသီးနု အခွံပါ တစ်ပိဿာတွင် ကွမ်းသီး ၆၂ လုံးခန့်ရှိသည့်အတွက် ကွမ်းသီးနုရောင်းချခြင်းမှာ ကွမ်းသီးခြောက်ရောင်းချခြင်းထက် ၃ ဆခွဲ ခန့်ပိုမိုရရှိနိုင်ပြီး၊ ယမန်နှစ် ကွမ်းသီးနုဈေးကွက်မှာ ကောင်းမွန်ခဲ့သဖြင့် ကွမ်းသီးမှည့်ချိန် ရောင်းချမှုထက် ကွမ်းသီးအစိမ်းနုများ ရောင်းဝယ်မှုပိုမိုဖြစ်ထွန်းခဲ့ပြီး ကွမ်းသီးစိုက်တောင်သူများ ဝင်ငွေပိုမိုရရှိခဲ့ကြောင်း သိရှိရသည်။

ကွမ်းသီးစိမ်းအနုကို ကွမ်းသီးပင် စတင်သီးချိန်၊ အရည်နုများ စတင်တည်ချိန်၊ အရွယ်အစား လုံးပတ်အချင်း ၁ လက်မခန့်၊ အလေးချိန် ၂၀ ဂရမ် နှင့် ၃၀ ဂရမ်အကြားတွင် ရောင်းချကြသည်။ ကွမ်းသီးအဝိုင်းသီးနှင့် အချွန်သီး ပုံစံနှစ်မျိုးဖြင့် သီးလေ့ရှိပြီး အချွန်သီး အရည်သီးသာ အရောင်းအဝယ်ဖြစ်သည်။ ကွမ်းသီးအနုများကို မီးအပူဖြင့် ပေါင်း၍ အခြောက်ခံပြီး တရုတ်နိုင်ငံသို့ အဓိက တင်ပို့ရောင်းချကြသည်။

ကွမ်းသီးစိမ်းအနုများကို ဝယ်ယူ၍ ကွမ်းသီးနုပေါင်းထုတ်လုပ်လျက်ရှိသော မွန်ပြည်နယ်၊ မော်လမြိုင်စက်မှုဇုန် ၁ အတွင်းရှိ စက်မှုဇုန်အတွင်းရှိ HAI YUAN AGRICULTURAL DEVELOPMENT Co; Ltd. မှ ပေါင်းဖိုတစ်ဖိုလျှင် ကွမ်းသီးနု စတန်၊ ဖိုပေါင်း ၁၀ ဖိုမှ တန် ၈၀ ပေါင်းခံထုတ်လုပ်နိုင်ကြောင်း၊ တစ်ကြိမ်ပေါင်းလျှင် ၄ ရက်ခွဲခန့်ကြာမြင့်ပြီး ကွမ်းသီးနုတန် ၈၀ ပေါင်း ပါက ကွမ်းသီးခြောက် တန် ၂၀ ရရှိကြောင်း သိရှိရသည်။ ထွက်ရှိ ကွမ်းသီးခြောက်များအား ကုန်ချောထုတ်လုပ်နိုင်ခြင်းမရှိဘဲ အအေးခန်းများတွင် သိုလှောင်၍ ပို့ကုန်လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **Source: မွန်ပြည်နယ်ဦးစီးမှူးရုံး**

**https://myantrade.gov.mm/article/naypyitaw_28032024_1041**

# အထူးဆောင်းပါးများ

## တရုတ်ဈေးကွက်သို့ ထိုင်းဆန်များ တိုးမြှင့်တင်ပို့နိုင်ဖွယ်ရှိ

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာပြီး အရည်အသွေးမြင့်ဆန်ကို ဦးစားပေးမှုကြောင့် ယခုနှစ်တွင် အထူးသဖြင့် ချော်ဆန်နှင့် ဆန်လုံးညိုတို့အား ဟောင်ကောင်နှင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုတိုးလာမည်ဟု ထိုင်းနိုင်ငံအနေဖြင့် မျှော်လင့်ထားကြောင်း၊ ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံ၊ ရှန်ကျင်းပြည်နယ်တွင် ဖြန့်ဖြူးရေးစင်တာတစ်ခု တည်ထောင်လိုကြောင်း သိရသည်။

ဟောင်ကောင် ဆန်ကုန်သည်များအသင်း၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော China Merchants Godown, Wharf & Transportation ကုမ္ပဏီ၏ အမှုဆောင်တစ်ဦးဖြစ်သူ Kenneth Chan နှင့် တွေ့ဆုံမှုအပြီးတွင် ထိုင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Phumtham Wechayachai က ထိုင်းနိုင်ငံသည် ဝယ်ယူသူအုပ်စု တစ်ခုချင်းစီ၏ လိုအပ်ချက်များနှင့်အညီ အံဝင်ခွင်ကျ

ဖြစ်စေသည့် ဆန်အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရန် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (R&D) မူဝါဒရှိကြောင်း၊ ထို့ပြင် ထိုင်းဆန်သည် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင် နိုင်စေရန် စံချိန်၊ စံညွှန်းများကို ထိန်းသိမ်းထားကြောင်း ပြောကြားခဲ့သည်။

ယခင်နှစ်၌ ဟောင်ကောင်သည် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၁၅၀,၀၀၀ ခန့်တင်သွင်းခဲ့ရာမှ ယခုနှစ်တွင် ဆန်တန်ချိန် ၁၈၀,၀၀၀ ခန့် ပိုမိုတင်သွင်းရန်မျှော်မှန်းထားပြီး အများစုမှာ ထိုင်းနိုင်ငံမှ စံပယ်ဆန်များဖြစ်ကြောင်း၊ မတ်လ ၈ ရက်မှ ၉ ရက်အတွင်း Mr. Phumtham သည် ထိုင်း စံပယ်ဆန်တင်သွင်းသူများနှင့် တွေ့ဆုံခဲ့ပြီး ရှန်ကျင်းပြည်နယ်တွင် ဖြန့်ဖြူးရေးစင်တာတစ်ခု တည်ထောင်ရန် စိတ်ဝင်စားကြောင်း ဖော်ပြခဲ့သည်။

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြေငှားခြင်းနှင့်စပ်လျဉ်း၍ တရုတ်အစိုးရနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ပံ့ပိုးကူညီရန် အဆင်သင့်ရှိပြီး အစီအစဉ်ချထားသော စီမံကိန်းနှင့်ပတ်သက်၍ ဝန်ကြီးချုပ် Srettha Thavisin နှင့် ထပ်မံဆွေးနွေးရန်လည်း စီစဉ်ထားကြောင်း၊ ဟောင်ကောင်သည် အမေရိကန်နှင့် တရုတ်ပြီးလျှင် ထိုင်းနိုင်ငံ၏ တတိယအကြီးဆုံး ထိုင်းစံပယ်ဆန်တင်ပို့သည့် ဈေးကွက်ဖြစ်ကြောင်း၊ ယခင်နှစ်တွင် ဟောင်ကောင်သည် စုစုပေါင်း ဆန်တန်ချိန် ၂၅၇,၂၀၀ တင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၁၄၈,၅၀၀ ၅၇ ဒသမ ၇ ရာခိုင်နှုန်း ၊ ဗီယက်နမ်နိုင်ငံမှ ဆန် တန်ချိန် ၆၀,၁၀၀ ၂၃ ဒသမ ၄ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံမှ ဆန်တန်ချိန် ၂၁,၂၀၀ ၈ ဒသမ ၂ ရာခိုင်နှုန်းတို့ အသီးသီးတင်သွင်းခဲ့ကြောင်း သိရသည်။

ထိုင်းဆန်၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများကို ယုံကြည်စိတ်ချသောကြောင့် ထိုင်းနိုင်ငံမှ ဆန်များအား ဆက်လက်တင်သွင်းမည်ဖြစ်ကြောင်း ဟောင်ကောင်ဆန်ကုန်သည်များအသင်းက အတည်ပြုပြောကြားခဲ့သည်။ Mr. Phumtham သည် ဟောင်ကောင်ရှိ စံပယ်ဆန်သိုလှောင်ရုံသို့ သွားရောက်လေ့လာခဲ့ရာ အဆိုပါသိုလှောင်ရုံသည် စံချိန်စံညွှန်းမြင့်မားပြီး ထိုင်းဆန်အရည်အသွေးအား ထိန်းသိမ်းနိုင်စွမ်းရှိသည်ကို တွေ့ရှိခဲ့သည်။

ဆန်တင်သွင်းသူများအနေဖြင့် ဆန်သိုလှောင်ရာတွင်နေရာ အကန့်အသတ်နှင့် စိုထိုင်းဆများသောကြောင့် ထိုင်းစံပယ်ဆန်၏ အရည်အသွေးနှင့်အနံ့ကို ထိန်းသိမ်းထားရန် အပူချိန်နှင့် စိုထိုင်းဆထိန်းချုပ်သည့် ဘက်စုံအသုံးပြုနိုင်သော ဆန်ဂိုဒေါင်ကို ငှားရမ်းရမည်ဖြစ်သည်။ ဆန်တင်သွင်းဖြန့်ဖြူးမှုကို စီမံခန့်ခွဲရန် ဟောင်ကောင်၌ ဟောင်ကောင် ဆန်ကုန်သည်များအသင်းကို ၁၉၁၉ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး လက်ရှိအသင်းဝင် စုစုပေါင်း ၅၀ ရှိကြောင်း သိရသည်။

ဟောင်ကောင်ဆန်တင်သွင်းသူများအသင်းနှင့် ထိုင်းဆန်တင်ပို့သူများအကြား ဆက်ဆံရေး ခိုင်မာအားကောင်းစေသော နှစ်စဉ်ကုန်သွယ်မှုမစ်ရှင်များကြောင့် ယင်းအသင်းနှစ်ခုအကြား ဆက်ဆံရေးကောင်းမွန်ကြောင်း Mr. Chan က ပြောကြားခဲ့သည်။ ဆန်သည် ဟောင်ကောင်၏ အဓိကအစားအစာဖြစ်ပြီး အရန်ဆန်အဖြစ် စီစဉ်ထားရှိကာ အစိုးရကသင့်လျော်သောဈေးနှုန်းနှင့်စားသုံးရန်လုံလောက်သော ထောက်ပံ့မှုရရှိစေရန် ဆန်ထိန်းချုပ်ရေးအစီအစဉ်ကို စီမံဆောင်ရွက်လျက်ရှိသည်။ ဟောင်ကောင်တွင် မှတ်ပုံတင် ထားသည့် ဆန်တင်သွင်းသူ ၂၃၈ ဦးနှင့် သိုလှောင်ရုံ ၁၄၂ လုံးရှိပြီး ထိုင်းအစိုးရသည် ဝယ်လိုအား ခိုင်မာမှုနှင့်အတူ ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့ရန် ရည်မှန်းထားသည်။



Source: Bangkok Post, March 13, 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_19032024_129

## ၂၀၂၄ ခုနှစ်၌ စားအုန်းဆီဈေးကွက် ဆက်လက်ခိုင်မာမှုရှိမည်ဟု မလေးရှားဝန်ကြီး ပြောကြား

မလေးရှားစားအုန်းဆီဈေးကွက်၌ ကမ္ဘာ့ထိပ်တန်း ဝယ်လက်နိုင်ငံများ၏ ဝယ်လိုအားကောင်းမွန်သည့်အတွက် ၂၀၂၄ ခုနှစ်တွင် အပေါင်းလက္ခဏာဆောင်မည့် ဈေးကွက်အခြေအနေ ဖြစ်ပေါ်နိုင်ကြောင်း၊ စားအုန်းဆီ တင်ပို့မှုဈေးကွက်ဝေစုတွင် အိန္ဒိယနိုင်ငံသည် ၁၇ ဒသမ ၄ ရာခိုင်နှုန်း၊ တရုတ်သည် ၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် ဥရောပသမဂ္ဂ(EU)သည် ၇ ဒသမ ၄ ရာခိုင်နှုန်း ပါဝင်နိုင်ကြောင်းဖြစ်၍ မလေးရှားဥယျာဉ်ခြံစိုက်ခင်းနှင့် ကုန်စည်ရေးရာဝန်ကြီး Mr. Datuk Seri Johari Abdul Ghani က ပြောကြားခဲ့သည်။

စားနပ်ရိက္ခာဖူလုံမှုနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ အလုံးစုံအသက်ဝင်နိုင်မှု သေချာစေရန်ရည်ရွယ်ပြီး ဆီလက်ကျန်များ ပိုမိုများလာစေခြင်းဖြင့် ဝယ်လိုအားကောင်းလာမှုကို အထောက်အပံ့ဖြစ်စေအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စားအုန်းဆီကြမ်း (CPO) ထုတ်လုပ်မှုမှာ ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၁၈ ဒသမ ၅၅ သန်း သာရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၁၈ ဒသမ ၇၅ သန်း အထိ တိုးတက်လာမည်ဟု မလေးရှားစားအုန်းဆီ ဘုတ်အဖွဲ့ (MPOB) က ခန့်မှန်းထားကြောင်း၊ ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ထုတ်

လုပ်မှုသည် တစ်ရာခိုင်နှုန်းခန့် တိုးတက်လာပြီး လုပ်သားဈေးကွက်အခြေအနေနှင့် ဆီအုန်းပင်များ၏ ရင့်ကျက်မှုအခြေအနေများအရ ပြောပလောက်သောပမာဏအထိ တိုးတက်လာခြင်းမဟုတ်ကြောင်း စသည်ဖြင့် ၃၅ ကြိမ်မြောက် စားသုံးဆီဈေးနှုန်း အလားအလာဆိုင်ရာညီလာခံနှင့် ပြပွဲအခမ်းအနားတွင် ဝန်ကြီး Mr. Johari က မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့ကြောင်း သတင်းရသည်။

၂၀၂၄ ခုနှစ်အတွင်း အပြုသဘောဆောင်သော ရည်မှန်းချက်များအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စားအုန်းဆီကဏ္ဍအပေါ် အပျက်သဘောဆောင်သော တွေးဆပြောဆိုချက်များကို ဖြေရှင်းဆောင်ရွက်ခြင်း၊ လုပ်ကွက်ငယ် စီးပွားရေးလုပ်ငန်းရှင်များကြုံတွေ့ရသည့် အခွင့်အလမ်းများစွာ ဆုံးရှုံးခြင်းပြဿနာ၊ လုပ်သားရှားပါးမှု ပြဿနာနှင့် ရာသီဥတုဖောက်ပြန်မှု အယ်နီညို စသည့် အဓိကစိန်ခေါ်မှုများကို လျင်မြန်စွာကိုင်တွယ်ဖြေရှင်းနိုင်ရေးမှာ အရေးကြီးကြောင်း၊ စားအုန်းဆီလုပ်ငန်းက မလေးရှားနိုင်ငံအတွက် အခွင့်အလမ်းများစွာကို ပေးအပ်ထားပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မြင့်မားသောစားအုန်းဆီ အရည်အသွေးကို သတ်မှတ်ပေးနိုင်မည့် အလားအလာရှိကြောင်း Mr. Johari က ဆက်လက် ပြောကြားခဲ့သည်။

အမြီအခိုကင်းပြီး စုစည်းလုပ်ဆောင်မှုရှိသည့် လုပ်ငန်းငယ်ပေါင်း ၄၄၇,၀၀၀ ကျော်နှင့်အတူ စားအုန်းဆီလုပ်ငန်း နယ်ပယ်အနေဖြင့် အရည်အသွေးမြင့်ပြီး အထွက်နှုန်းကောင်းသည့် ဆီအုန်းအသီးခိုင်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် စားအုန်းဆီကြွမ်းများကို စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးတို့ကို အနာဂတ်ကာလ၌ အာရုံစိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေအမြစ်မရှိသည့် စွပ်စွဲမှုများနှင့် အပျက်သဘောဆောင်သည့် ဝေဖန်တိုက်ခိုက်မှုများကို တုံ့ပြန်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည့် ဘက်ပေါင်းစုံထိတွေ့ဆက်ဆံမှုသည် အရေးကြီးပါကြောင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများ၊ ထုတ်လုပ်သူများ၊ သုတေသီများနှင့် ကုန်သည်များသည် မိမိတို့၏ စားအုန်းဆီလုပ်ငန်းအပေါ် အပျက်သဘောဆောင်သော တိုက်ခိုက်ဝေဖန်မှုကို အတူတကွတိုက်ဖျက်ရန် လိုအပ်မှာဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှု ရှိရမည်ဖြစ်ကြောင်းဖြင့် ဝန်ကြီး Mr. Johari က ထပ်မံပြောကြားကြောင်း သိရသည်။

တစ်ချိန်တည်းတွင် မလေးရှားစားအုန်းဆီ အသိအမှတ်ပြုရေးကောင်စီ (Malaysian Palm Oil Certification Council-MPOCC) ကို ရေရှည်တည်တံ့ခိုင်မြဲသော မလေးရှားစားအုန်းဆီ အသိအမှတ်ပြုရေးအဖွဲ့ (Malaysian Sustainable Palm Oil Certification-MSPO) အဖြစ် အမည်ပြောင်းလဲမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းက လက်ရှိဖွဲ့စည်းထားသည့် မလေးရှားစားအုန်းဆီကောင်စီ (MPOC) နှင့် မလေးရှားစားအုန်းဆီ အသိအမှတ်ပြုရေး ကောင်စီ (MPOCC) တို့ အမည်ရောထွေးမှုကို ရှင်းလင်းနိုင်မည်ဖြစ်ကြောင်း ဝန်ကြီး Mr. Johari က ကြေညာခဲ့သည်။

၂၀၂၃ ခုနှစ်၌ ကမ္ဘာ့စီးပွားရေး မသေချာမရေရာမှုများ ဖြစ်ပေါ်ခဲ့သော်လည်း စားအုန်းဆီဈေးကွက်ခိုင်မာ အားကောင်းမှုရှိခဲ့သည့်အတွက် ခံနိုင်ရည်ရှိမှုကိုပြသနိုင်ခဲ့ကြောင်း၊ စားအုန်းဆီလုပ်ငန်းသည် မလေးရှားစီးပွားရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိလျက် ယခင်နှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး၌ ၃ ရာခိုင်နှုန်း ခန့်ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ စားအုန်းဆီကြွမ်းဈေးနှုန်း သိသာစွာကျဆင်းနေသော်လည်း စားအုန်းဆီနှင့် စားအုန်းဆီ အခြေခံထုတ်ကုန်များ တင်ပို့မှုတန်ဖိုးသည် မလေးရှားရင်းဂစ် ၁၀၀ ဘီလီယံကျော်အထိ ပမာဏတိုးတက်ခဲ့ကြောင်း၊ အဓိက စားသုံးသောဒေသများမှ ဝယ်လိုအားများပြားလာခြင်းနှင့် ပြည်တွင်းစားအုန်းဆီထုတ်လုပ်မှု တိုးတက်လာခြင်းတို့က ဈေးကွက်တစ်ခုလုံး၏ စွမ်းဆောင်ရည်ကို ပံ့ပိုးပေးကြောင်း မလေးရှားဥယျာဉ်ခြံ စိုက်ခင်းနှင့် ကုန်စည်ရေးရာဝန်ကြီး Datuk Seri Johari Abdul Ghani ၏ ပြောကြားချက်များကို ရေးသား ဖော်ပြလိုက်ရပါသည်။



Source: The Sun, 5 March 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့),Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_19032024_125

Source: https://myantrade.gov.mm/article/naypyitaw_19032024_125

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၄၊ မတ်လ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 63,160,465.779 | 304.756 | | 1 | ရေနံထွက်ပစ္စည်းများ | 360.199 |
| 2 | သဘာဝဓာတ်ငွေ့ | kg | 27,350,703.650 | 248.196 | | 2 | ချည်ထည်များ | 166.081 |
| 3 | ဆန် | မတန် | 220,049.400 | 128.016 | | 3 | စားအုန်းဆီ | 57.876 |
| 4 | ပြောင်း | မတန် | 301,779.691 | 72.860 | | 4 | ဓာတ်မြေဩဇာများ | 40.727 |
| 5 | မတ်ပဲ | မတန် | 51,334.508 | 48.978 | | 5 | စက်နှင့်စက်ပစ္စည်းများ | 36.629 |
| 6 | ရော်ဘာစိမ်း | မတန် | 33,285.745 | 45.745 | | 6 | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ | 32.738 |
| 7 | ဆန်ကွဲ | မတန် | 93,657.400 | 40.393 | | 7 | ပလတ်စတစ်ကုန်ကြမ်း ပစ္စည်းများ | 32.656 |
| 8 | ငါး | မတန် | 38,763.601 | 39.835 | | 8 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 31.288 |
| 9 | ပဲတီစိမ်း | မတန် | 61,426.716 | 39.823 | | 9 | ဓာတုဗေဒပစ္စည်းများ | 26.500 |
| 10 | ပဲစင်းငုံ | မတန် | 27,702.948 | 28.581 | | 10 | ဆေးဝါးပစ္စည်းများ | 22.251 |

**Source: tradedata**

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၂၃-၂-၂၀၂၄)ထိ (ယာယီ) | ၂၀၂၂-၂၀၂၃ (၂၃-၂-၂၀၂၄)ထိ | တိုး/ လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၂၃-၂-၂၀၂၄)ထိ (ယာယီ) | ၂၀၂၂-၂၀၂၃ (၂၃-၂-၂၀၂၄)ထိ | တိုး/ လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 3149.014 | 3427.527 | -278.513 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 2887.692 | 3353.754 | -466.062 |
| ၂ | တိရစ္ဆာန်ထွက် | 7.121 | 19.732 | -12.611 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 6923.954 | 7447.949 | -523.995 |
| ၃ | ရေထွက် | 624.473 | 676.528 | -52.055 | | ၃ | လူသုံးကုန်ပစ္စည်း | 2221.603 | 2638.904 | -417.301 |
| ၄ | သတ္တုတွင်းထွက် | 249.034 | 310.995 | -61.961 | | ၄ | CMP | 2083.673 | 2275.311 | -191.638 |
| ၅ | သစ်တောထွက် | 59.410 | 128.819 | -69.409 | | | | | | |
| ၆ | စက်မှုကုန်ချော | 8123.389 | 10090.343 | -1966.954 | | | | | | |
| ၇ | အခြား | 846.148 | 397.490 | 448.658 | | | | | | |
| | **စုစုပေါင်း** | **13058.589** | **15051.434** | **-1992.845** | | | **စုစုပေါင်း** | **14116.922** | **15715.918** | **-1598.996** |

**Source: commerce**

# ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၂၄၊ မတ်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၅.၃.၂၀၂၄) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စပေါင်း | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 125000-130000 |
| မြောင်းမြ | 83000-84000 | 125000-130000 |
| ဒေးဒရဲ | 83000-84000 | 120000-125000 |
| ဝါးခယ်မ | 83000-84000 | 110000-120000 |
| ဘိုကလေး | 83000-84000 | 120000-125000 |
| မော်လမြိုင်ကျွန်း | 83000-84000 | 120000-125000 |
| လပွတ္တာ | - | 120000-125000 |
| ကျိုက်လတ် | 83000-84000 | 120000-125000 |
| ဘုရင့်နောင် | 83000-84000 | 145000-150000 (ရွှေဘို) |

**Source: MRF**

## ၂၀၂၄၊ မတ်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 5.2.2024 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 |
| 2 | 13.2.2024 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 |
| 3 | 19.2.2024 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |
| 4 | 26.2.2024 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 |

Source: MRPP

## ၂၀၂၄၊ မတ်လ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 1.2.2024 | 3545-3550 | 3540-3545 |
| 2 | 2.2.2024 | 3540-3545 | 3535-3540 |
| 3 | 5.2.2024 | 3490-3500 | 3490-3500 |
| 4 | 6.2.2024 | 3500-3505 | 3505-3510 |
| 5 | 7.2.2024 | 3500-3510 | 3495-3500 |
| 6 | 8.2.2024 | 3520-3525 | 3515-3520 |
| 7 | 9.2.2024 | 3510-3512 | 3505-3510 |
| 8 | 13.2.2024 | 3530-3540 | 3525-3535 |
| 9 | 14.2.2024 | 3555-3565 | 3560-3570 |
| 10 | 15.2.2024 | 3570-3575 | 3575-3580 |
| 11 | 16.2.2024 | 3570-3575 | 3575-3580 |
| 12 | 19.2.2024 | 3590-3595 | 3590-3595 |
| 13 | 20.2.2024 | 3590-3595 | 3595-3600 |
| 14 | 21.2.2024 | 3610-3615 | 3600-3610 |
| 15 | 22.2.2024 | 3600-3610 | 3610-3615 |
| 16 | 23.2.2024 | 3610-3620 | 3620-3630 |
| 17 | 26.2.2024 | 3640-3650 | 3640-3645 |
| 18 | 27.2.2024 | 3640-3645 | 3630-3635 |
| 19 | 28.2.2024 | 3615-3620 | 3615-3620 |
| 20 | 29.2.2024 | 3620-3630 | 3630-3635 |

Source: e trade Myanmar

## ၂၀၂၄၊ မတ်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွဲနီ(ရှယ်) | | | ဧည့်မထ | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 70000 | 69000 | 68000 |
| 2 | 2.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 70000 | 69000 | 68000 |
| 3 | 5.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 4 | 6.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 5 | 7.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 6 | 8.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 7 | 9.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 8 | 13.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 9 | 14.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 10 | 15.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 11 | 16.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 12 | 19.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 13 | 20.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 14 | 21.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 15 | 22.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 16 | 23.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 17 | 26.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 18 | 27.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 19 | 28.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 20 | 29.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |

**Source:** Myanmar Rice

## ၂၀၂၄၊ မတ်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.2.2024 | 2100.0 | 59.155 | 292.39 | 1565.8 | 25.310 | 1431.1 |
| 2 | 2.2.2024 | 2100.0 | 59.515 | 292.51 | 1572.5 | 25.344 | 1432.1 |
| 3 | 5.2.2024 | 2100.0 | 58.667 | 291.74 | 1561.3 | 25.284 | 1415 |
| 4 | 6.2.2024 | 2100.0 | 58.848 | 291.95 | 1561.0 | 25.287 | 1413.5 |
| 5 | 7.2.2024 | 2100.0 | 58.914 | 291.95 | 1562.8 | 25.304 | 1419.0 |
| 6 | 8.2.2024 | 2100.0 | 58.594 | 291.82 | 1561.0 | 25.310 | 1417.7 |
| 7 | 9.2.2024 | 2100.0 | 58.480 | 291.93 | 1560.0 | 25.289 | 1405.6 |
| 8 | 13.2.2024 | 2100.0 | 58.758 | 291.93 | 1560.5 | 25.297 | 1403.0 |
| 9 | 14.2.2024 | 2100.0 | 58.059 | 291.93 | 1555.7 | 25.28 | 1394.8 |
| 10 | 15.2.2024 | 2100.0 | 58.059 | 291.93 | 1558.6 | 25.292 | 1399.9 |
| 11 | 16.2.2024 | 2100.0 | 58.236 | 291.93 | 1559.9 | 25.295 | 1398.0 |
| 12 | 19.2.2024 | 2100.0 | 58.285 | 291.73 | 1560.4 | 25.299 | 1400.3 |
| 13 | 20.2.2024 | 2100.0 | 58.140 | 291.76 | 1561.0 | 25.325 | 1397.3 |
| 14 | 21.2.2024 | 2100.0 | 58.538 | 292.10 | 1562.2 | 25.318 | 1398.3 |
| 15 | 22.2.2024 | 2100.0 | 58.684 | 292.05 | 1566.6 | 25.326 | 1397.7 |
| 16 | 23.2.2024 | 2100.0 | 58.172 | 291.73 | 1561.7 | 25.327 | 1393.5 |
| 17 | 26.2.2024 | 2100.0 | 58.537 | 291.74 | 1562.3 | 25.339 | 1395.9 |
| 18 | 27.2.2024 | 2100.0 | 58.676 | 291.75 | 1563.3 | 25.336 | 1398.1 |
| 19 | 28.2.2024 | 2100.0 | 58.252 | 291.70 | 1560.1 | 25.326 | 1392.6 |
| 20 | 29.2.2024 | 2100.0 | 58.561 | 291.96 | 1562.3 | 25.328 | 1402.8 |

Source: Central Bank of Myanmar

## ၂၀၂၄၊ မတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | (သစ္) | (ထိပ္ပ) | | |
| 1 | 1.2.2024 | 3276000 | 3831000 | 1684100–2042300 | 2703700 | 3009900–3062000 | – |
| 2 | 2.2.2024 | 3402000 | 3940000 | 1684100–2042300 | 2703700 | 3009900–3062000 | 4366300 |
| 3 | 5.2.2024 | 3500000 | 4197000 | 1733100–2042300 | 2703700 | 3009900–3062000 | 4366300 |
| 4 | 6.2.2024 | 3445000 | 4150000 | 1733100–2042300 | 2744100 | 3009900–3062000 | 4366300 |
| 5 | 7.2.2024 | 3431000 | 4105000 | 1733100–2042300 | 2744100 | 3009900–3062000 | 4366300 |
| 6 | 8.2.2024 | 3284000 | 3980000 | 1733100–2042300 | 2755800 | 3062000–3166100 | 4366300 |
| 7 | 9.2.2024 | 3300000 | 4027000 | 1733100–2042300 | 2755800 | 3009900–3062000 | 4366300 |
| 8 | 13.2.2024 | 3195000 | 3977000 | 1733100–2042300 | 2755800 | 2908900–3013000 | 4366300 |
| 9 | 14.2.2024 | 3050000 | 3900000 | 1733100–2042300 | 2755800 | 2908900–3013000 | 4366300 |
| 10 | 15.2.2024 | 3123000 | 3920000 | 1733100–2042300 | 2755800 | 2908900–3013000 | 4366300 |
| 11 | 16.2.2024 | 3188000 | 3965000 | 1733100–2042300 | 2755800 | 2908900–3013000 | 4366300 |
| 12 | 19.2.2024 | 3125000 | 3850000 | 1733100–2042300 | 2755800 | 2908900–3013000 | 4366300 |
| 13 | 20.2.2024 | 3120000 | 3910000 | 1733100–2042300 | 2755800 | 2856800–2961000 | 4366300 |
| 14 | 21.2.2024 | 3095000 | 3866000 | 1733100–2042300 | 2755800 | 2856800–2961000 | 4366300 |
| 15 | 22.2.2024 | 3070000 | 3830000 | 1733100–2042300 | 2755800 | 2856800–2961000 | 4366300 |
| 16 | 23.2.2024 | 3020000 | 3747000 | 1733100–1990300 | 2755800 | 2856800–2961000 | 4366300 |
| 17 | 26.2.2024 | 30550000 | 3772000 | 1733100–1990300 | 2602700 | 2856800–2908900 | 4366300 |
| 18 | 27.2.2024 | 3222000 | 3710000 | 1733100–1990300 | 2602700 | 2804700–2856800 | 4366300 |
| 19 | 28.2.2024 | 2940000 | 3657000 | 1733100–1990300 | 2602700 | 2755800–2807800 | 4366300 |
| 20 | 29.2.2024 | 2980000 | 3700000 | 1733100–1990300 | 2602700 | 2755800–2807800 | 4366300 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ မတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.2.2024 | 4225500–4335700 | 2213800–2247500 | 2345500–2400600 | 1867800–1889200 | 698100–710400 |
| 2 | 2.2.2024 | 4225500–4335700 | 2213800–2247500 | 2397500–2449600 | 1867800–1889200 | 698100–710400 |
| 3 | 5.2.2024 | 4225500–4335700 | 2213800–2296500 | 2397500–2449600 | 1886200–1941300 | 698100–710400 |
| 4 | 6.2.2024 | 4225500–4335700 | 2213800–2296500 | 2397500–2501600 | 1886200–1941300 | 698100–710400 |
| 5 | 7.2.2024 | 4225500–4335700 | 2244400–2296500 | 2449600–2501600 | 1886200–1941300 | 698100–710400 |
| 6 | 8.2.2024 | 4225500–4335700 | 2275000–2296500 | 2498600–2553700 | 1886200–1941300 | 704200–716500 |
| 7 | 9.2.2024 | 4225500–4335700 | 2275000–2327100 | 2498600–2602700 | 1886200–1941300 | 704200–716500 |
| 8 | 13.2.2024 | 4225500–4335700 | 2345500–2400600 | 2550600–2584300 | 1886200–1941300 | 704200–716500 |
| 9 | 14.2.2024 | 4225500–4335700 | 2314800–2400600 | 2529200–2553700 | 1886200–1941300 | 704200–716500 |
| 10 | 15.2.2024 | 4225500–4335700 | 2296500–2348500 | 2449600–2501600 | 1886200–1941300 | 685900–698100 |
| 11 | 16.2.2024 | 4225500–4335700 | 2296500–2348500 | 2296500–2400600 | 1886200–1941300 | 685900–698100 |
| 12 | 19.2.2024 | 4225500–4335700 | 2296500–2400600 | 2244400–2348500 | 1886200–1941300 | 661400–673600 |
| 13 | 20.2.2024 | 4170400–4228600 | 2296500–2400600 | 2244400–2348500 | 1886200–1941300 | 661400–673600 |
| 14 | 21.2.2024 | 4170400–4228600 | 2296500–2400600 | 2244400–2348500 | 1886200–1941300 | 661400–673600 |
| 15 | 22.2.2024 | 4118300–4228600 | 2296500–2400600 | 2268500–2348500 | 1886200–1941300 | 661400–673600 |
| 16 | 23.2.2024 | 4118300–4228600 | 2296500–2348500 | 2268500–2348500 | 1886200–1941300 | 661400–673600 |
| 17 | 26.2.2024 | 4118300–4228600 | 2296500–2348500 | 2268500–2348500 | 1886200–1941300 | 661400–673600 |
| 18 | 27.2.2024 | 3900900–4011200 | 2296500–2348500 | 2192400–2265800 | 1886200–1941300 | 661400–673600 |
| 19 | 28.2.2024 | 3900900–4011200 | 2244400–2296500 | 2192400–2265800 | 1886200–1941300 | 661400–673600 |
| 20 | 29.2.2024 | 3790700–3904000 | 2244400–2296500 | 2192400–2265800 | 1886200–1941300 | 636900–649100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၄၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.2.2024 to 2.2.2024 | 5.2.2024 to 9.2.2024 | 13.2.2024 to 16.2.2024 | 19.2.2024 to 23.2.2024 | 26.2.2024 to 29.2.2024 |
|---|---|---|---|---|---|---|
| မတ်ပဲ (2023-24 Crop) | FAQ | 980-1000 | 1020-1040 | 960-980 | 980-1000 | 955-975 |
| | SQ | 1080-1100 | 1110-1130 | 1030-1050 | 1060-1080 | 1035-1055 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1065-1115 | 1090-1140 | 1015-1065 | 1035-1085 | 1010-1060 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1165-1215 | 1190-1240 | 1115-1165 | 1135-1185 | 1110-1160 |
| | အခွံပါအခြမ်း | 1065-1115 | 1090-1140 | 1015-1065 | 1035-1065 | 1010-1060 |
| ပဲတီစိမ်း (2023-24 Crop) | FAQ (အညာ) | 780-810 | 790-820 | 790-820 | 790-820 | 770-800 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 870-900 | 880-910 | 880-910 | 880-910 | 870-900 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 840-880 | 860-890 | 860-890 | 860-890 | 850-880 |
| | ရွှေဝါအသေး (Under 3.5 mm) | 780-810 | 800-830 | 800-830 | 800-830 | 790-820 |
| ပဲတီစိမ်း (2023 -24 Crop) | FAQ ပဲနောက် | 680-710 | 700-730 | 700-730 | 700-730 | 690-720 |
| | SQ ပဲနောက် | 750-780 | 750-780 | 750-780 | 750-780 | 740-770 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1015-1065 | 1035-1085 | 1035-1085 | 1035-1085 | 1020-1070 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 765-790 | 785-810 | 785-810 | 785-810 | 770-795 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 740-790 | 760-810 | 760-810 | 760-810 | 745-795 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 1150-1170 | 1200-1220 | 1220-1240 | 1220-1240 | 1190-1210 |
| ပဲစင်းငုံ (2023-24 Crop) | အဖြူ(စစ်ကိုင်း) | 1090-1110 | 1170-1190 | 1190-1210 | 1180-1200 | 1150-1170 |
| | အခွံချွတ်အခြမ်း | 1435-1460 | 1485-1510 | 1505-1530 | 1505-1530 | 1475-1500 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 975-1025 | 1000-1050 | 910-935 | 910-935 | 880-910 |
| | အခွံချွတ်အခြမ်း | 1275-1325 | 1300-1350 | 1225-1250 | 1225-1250 | 1195-1220 |
| ပဲလွန်းဖြူ | FAQ | 670-690 | 705-725 | 705-725 | 705-725 | 705-725 |
| | SQ | 695-720 | 765-790 | 775-800 | 775-800 | 775-800 |
| | အခွံချွတ်အခြမ်း | 825-875 | 850-900 | 850-900 | 850-900 | 850-900 |
| ပဲလွန်းနီ | FAQ | 820-870 | 770-820 | 770-820 | 720-770 | 720-770 |
| ပဲထောပတ် | FAQ | 1385-1415 | 1350-1380 | 1350-1380 | 1350-1380 | 1350-1380 |
| | အခွံချွတ်အခြမ်း | 1500-1525 | 1465-1490 | 1465-1490 | 1465-1490 | 1465-1490 |
| ပြောင်းဆန် | | 230-250 | 230-250 | 230-250 | 230-250 | 225-245 |
| နှမ်းဖြူ | | 1690-1740 | 1710-1760 | 1710-1760 | 1710-1760 | 1710-1760 |
| နှမ်းနက်(စမုန်) | | 1780-1830 | 1735-1785 | 1735-1785 | 1735-1785 | 1735-1785 |
| နှမ်းညို | | 1400-1450 | 1450-1500 | 1450-1500 | 1450-1500 | 1450-1500 |
| နှမ်းနက်(ရိုးရိုး) | | 1400-1450 | 1450-1500 | 1450-1500 | 1450-1500 | 1450-1500 |
| မြေထောက်ပဲ(အနီ) | | 1355-1380 | 1430-1455 | 1410-1435 | 1410-1435 | 1375-1400 |
| မြေထောက်ပဲ(အဖြူ) | | 975-1000 | 1000-1025 | 1000-1025 | 1000-1025 | 1000-1025 |
| ပဲယင်း(ဝါ) | | 545-570 | 565-590 | 565-590 | 565-590 | 565-590 |
| ပဲယင်း(နီ) | | 740-790 | 715-765 | 715-765 | 625-675 | 625-675 |
| Azuki (Small Red Bean) | | 1000-1025 | 1000-1025 | 1000-1025 | 1000-1025 | 1000-1025 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 7.2.2024 to 13.22024 | 14.2.2024 to 20.2.2024 | 21.2.2024 to 27.22024 | 28.2.2024 to 5.3.2024 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 610-615 | 610-615 | 610-615 | 610-615 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 600-610 | 600-610 | 600-610 | 600-610 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 590-600 | 590-600 | 590-600 | 590-600 |
| 4 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 580-590 | 580-590 | 580-590 | 580-590 |
| 5 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 565-575 | 565-575 | 565-575 | 565-575 |
| 6 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 610-615 | 610-615 | 610-615 | 610-615 |
| 7 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 600-610 | 600-610 | 600-610 | 600-610 |
| 8 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 590-600 | 590-600 | 590-600 | 590-600 |
| 9 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 580-590 | 580-590 | 580-590 | 580-590 |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 610-615 | 610-615 | 610-615 | 610-615 |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 600-610 | 600-610 | 600-610 | 600-610 |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 590-600 | 590-600 | 590-600 | 590-600 |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 580-590 | 580-590 | 580-590 | 580-590 |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 600-610 | 600-610 | 600-610 | 600-610 |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 590-600 | 590-600 | 590-600 | 590-600 |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 580-590 | 580-590 | 580-590 | 580-590 |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 575-580 | 575-580 | 575-580 | 575-580 |
| 18 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 570-575 | 570-575 | 570-575 | 570-575 |
| 19 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 620-630 | 620-630 | 620-630 | 620-630 |
| 20 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 610-615 | 610-615 | 610-615 | 610-615 |
| 21 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 600-610 | 600-610 | 600-610 | 600-610 |
| 22 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 590-600 | 590-600 | 590-600 | 590-600 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 575-585 | 575-585 | 575-585 | 575-585 |
| 24 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 650-660 | 650-660 | 650-660 | 650-660 |
| 25 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 645-650 | 645-650 | 645-650 | 645-650 |
| 26 | Myanmar Long Grain Parboiled Brown Rice 5% Broken (Well Milled Double Polished Sortexed) | 650-660 | 650-660 | 650-660 | 650-660 |
| 27 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 645-650 | 645-650 | 645-650 | 645-650 |
| 28 | Myanmar Glutinous Rice 5% Broken | 660-670 | 660-670 | 660-670 | 660-670 |
| 29 | Myanmar Glutinous Rice 10 % Broken | 650-660 | 650-660 | 650-660 | 650-660 |
| 30 | Myanmar Glutinous Rice 15 % Broken | 640-650 | 640-650 | 640-650 | 640-650 |
| 31 | Myanmar Brown Rice 10 % Broken | 500-510 | 500-510 | 500-510 | 500-510 |

**Source: MRF**